# ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၂၀၂၁-၂၀၂၇ စီမံကိန်းအကြို မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်း နှင့် တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်

## ၁။ နောက်ခံသမိုင်း

ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန် ကြိုးပမ်းမှုများ နှင့် ၂၀၃၀ တွင် ဝင်ငွေအလယ်အလတ်ရရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန်ဟူသည့် ရည်မှန်းချက်များကို ပံ့ပိုးရန် အလွန်ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားပြီး အိမ်နီးချင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်နှင့်အညီ လုပ်ဆောင်မည့် ၂၀၂၁ မှ ၂၀၂၇ ခုနှစ် စီမံကိန်းချမှတ်ခြင်း စက်ဝန်းအတွက် ပြန်လည်သုံးသပ်မှုများနှင့် ခွဲခြမ်းစိတ်စစ်ခြင်းများကို လက်ရှိအချိန်တွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းတွင် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ဦးဆောင်သည့် စီမံကိန်းအကြို အခြေအနေ လေ့လာသုံးသပ်ချက်နှင့် ပတ်သက်သည့် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ် သုံးခုအား အဖွဲ့ဝင်နိုင်ငံများ (MS)၊ လူမှုအဖွဲ့အစည်းများ (နိုင်ငံတွင်းနှင့် နိုင်ငံတကာ) နှင့် ပုဂ္ဂလိကကဏ္ဍတို့နှင့် ညှိနှိုင်းတိုင်ပင်ပြီးနောက် ဤပြန်လည်သုံးသပ်ချက်များကို ဆက်လက် လုပ်ဆောင်ခြင်းဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် နိုင်ငံအလိုက် အခြေအနေ လေ့လာသုံးသပ်ချက်ကို ပိုမိုကောင်းမွန်စေပြီး အသေးစိတ်မွမ်းမံပေးကာ အရပ်ဘက်အဖွဲ့အစည်းကို အွန်လိုင်းစစ်တမ်း ကောက်ယူရန်အတွက် ရေးဆွဲပြင်ဆင်ခြင်း၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် စနစ်တကျညှိနှိုင်းဆွေးနွေးမှုများ နှင့် အဖွဲ့ဝင်နိုင်ငံနှင့် လစဉ်ပုံမှန်စည်းဝေးကာ စဉ်ဆက်မပြတ် ဆွေးနွေးဖလှယ်ခြင်းတို့အပါအဝင် ၂၀၂၀ ခုနှစ်တွင် စီမံကိန်းအကြို စာရွက်စာတမ်းများ ရေးဆွဲပြင်ဆင်ရန်အတွက် အခြေခံလိုအပ်သည်များကို ပံ့ပိုးပေးခဲ့သည်။

## ၂။ အနှစ်ချုပ် - အရပ်ဘက် အဖွဲ့အစည်းစစ်တမ်း နှင့် တိုင်ပင်ဆွေးနွေးမှုများ

၂၀၂၀ ပြည့်နှစ် ဇွန်လ ၅ ရက် - ၁၅ ရက်နေ့မှစ၍ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ ဥရောပသမဂ္ဂနှင့် ဆက်စပ်သော နိုင်ငံအဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထင်မြင်ချက်ကို ဖော်ထုတ်ရန်အတွက် အွန်လိုင်းစစ်တမ်းကောက်ယူမှု စတင်ခဲ့ပြီး ၂၀၂၁ မှ ၂၀၂၇ ကာလအတွင်း ဦးစားပေးလုပ်ငန်းများအဖြစ် မူဝါဒနယ်ပယ် ၅ ခုကိုဖော်ထုတ်ခဲ့သည်။ ၎င်းတို့မှာ အစိမ်းရောင်သဘောတူညီချက်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကြီးပွားတိုးတက်မှု၊ ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း၊ ရွှေ့ပြောင်းနေထိုင်ခြင်း နှင့် စီမံအုပ်ချုပ်မှု / ငြိမ်းချမ်းရေး / လုံခြုံရေး တို့ဖြစ်သည်။ ဤစစ်တမ်း၏ ဒုတိယအရေးပါသောအပိုင်းတွင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှုကို အသားပေးဖော်ပြထားသည်။ စစ်တမ်းတွင် အဖွဲ့အစည်းစုစုပေါင်း ကိုးဆယ့်ကိုးခု ပါဝင်ပြီး ဤမူဝါဒနယ်ပယ်များအပြင် ၎င်းတို့နှင့်သက်ဆိုင်သော ခေါင်းစဉ်ခွဲများကိုလည်း ဦးစားပေးအဆင့်

သတ်မှတ်ခဲ့သည်။ ထို့နောက် ၎င်းတို့ကို ၂၀၂၀ ခုနှစ် ဇွန်လ ၁၅ ရက်နေ့ ကျရောက်သည့် အပတ်တွင် ကျင်းပသည့် အွန်လိုင်းဆွေးနွေးပွဲ (၄) ခုတွင် အဖွဲ့အစည်း (၄၀)နှင့် အသေးစိတ်ဆွေးနွေးခဲ့သည်။

စစ်တမ်းတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဦးစားပေးသတ်မှတ်ခြင်းများမှာ စီမံအုပ်ချုပ်မှုဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ၈၃%၊ အစိမ်းရောင်သဘောတူညီချက်မှာ ၆၅%၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကြီးပွားတိုးတက်မှု ၆၄%၊ ရွှေ့ပြောင်းနေထိုင်မှု ၅၄% နှင့် ဒီဂျစ်တယ်နှင့်ဒေတာနည်းပညာ ၃၃% တို့ရှိကြောင်း တွေ့ရသည်။

- **စီမံအုပ်ချုပ်မှု၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး**အပိုင်းတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဒီမိုကရေစီနှင့် နိုင်ငံသားအခွင့်ကဏ္ဍ၊ လူ့အခွင့်အရေးနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု ကဏ္ဍအားလုံးအား အထူးဦးစားပေးသတ်မှတ်ထားသည်။
- **အစိမ်းရောင် သဘောတူညီချက်**အပိုင်းတွင် ရာသီဥတုပြောင်းလဲမှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝရေးတို့ကို ဦးစားပေးထည့်သွင်းစဉ်းစားသည်။
- **အလုပ်အကိုင်အခွင့်အလမ်းနှင့် ကြီးပွားတိုးတက်မှုအတွက် မဟာမိတ်အဖွဲ့များ** အပိုင်းတွင် ပညာရေး၊ စွမ်းရည်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဦးစားပေးသည်။
- **ရွှေ့ပြောင်းနေထိုင်မှု**အပိုင်းတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် အတင်းအကျပ် ရွှေ့ပြောင်းစေခြင်း၏ ဇာစ်မြစ်များအောက်ရှိ ခေါင်းစဉ်ငယ်များအပြင် နေရပ်စွန့်ခွာတိမ်းရှောင် သူများအတွက် ရေရှည်တည်တံ့သည့် ဖြေရှင်းနည်းများကို ဦးစားပေးသည်။
- **ဒီဂျစ်တယ်နှင့် ဒေတာနည်းပညာများ** အပိုင်းတွင် အီလက်ထရောနစ်စနစ်သုံး စီမံအုပ်ချုပ်မှု၊ ဒီဂျစ်တယ်ခွဲခြားမှုကို ပေါင်းကူးပေးခြင်း နှင့် ဒီဂျစ်တယ်နည်းပညာကို တန်းတူညီမျှ လက်လှမ်းမီမှုတို့ကို ဦးစားပေးထားသည်။

ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) များ၏ ၉၀% နီးပါးသည် ကျန်းမာရေးကဏ္ဍတွင် ကိုဗစ်-၁၉ ၏ အပျက်သဘောဆောင်သော သက်ရောက်မှု အနည်းနှင့်အများရှိလိမ့်မည်ဟု ယုံကြည်ကြသော်ငြားလည်း ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ၏ ၆၀ ရာနှုန်းခန့်ကသာ ထိုအမြင်နှင့် သဘောတူညီကြပြီး အများစုကမူ အခွင့်အလမ်းတစ်ခုအဖြစ် သဘောရကြသည်။ ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုအရ လူမှုရေးလုပ်ငန်းများအပေါ် အစိုးရ၏ ငွေကြေးကူညီထောက်ပံ့မှုနှင့် စပ်လျဉ်း၍ ပြည်တွင်းမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အမြင်သည် INGO များ၏အမြင်နှင့် ယှဉ်လျှင် အားရစရာမရှိဘဲ (၅၀) ရာခိုင်နှုန်းခန့်က အပျက်သဘော သက်ရောက်မှုရှိလိမ့်မည်ဟု ယုံကြည်ကြသည်။ စိတ်ဝင်စားစရာ ကောင်းသည်မှာ ကိုဗစ်-၁၉ ၏ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ကောင်းခြင်းဆိုးခြင်း အမြင်အမျိုးမျိုး ကွဲပြားကြပြီး ယေဘုယျအားဖြင့် နိုင်ငံတကာ CSO များထက် ပြည်တွင်း CSOများက ဤကဏ္ဍတွင် ဆိုးကျိုးသက်ရောက်မှု ပိုမိုရှိလိမ့်မည်ဟု မှန်းဆထားကြသည်။

စစ်တမ်းကောက်ယူထားသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ သုံးပုံတစ်ပုံခန့်ကမူ ကိုဗစ်-၁၉ ကြောင့် အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် ဆိုးကျိုးသက်ရောက်မှုရှိလာမည်ဟု ထင်မြင်ယူဆကြပြီး အဂတိလိုက်စားမှုနှင့် ဆက်စပ်သော ကိစ္စရပ်များ ပိုမိုဆိုးရွားလာမည်ဟု တွက်ဆထားကြသည်။ တစ်ချိန်တည်းတွင် စခန်းနှစ်ခုလုံးမှ ၅၅% သည် မည်သို့သော အကျိုးသက်ရောက်မှုမျိုးမျှ မရှိနိုင်ဟု ယုံကြည်ကြောင်း ဖြေဆိုခဲ့ကြသည်။ ပြည်တွင်း CSO များသည်ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ထောက်ပံ့မှုကို ပိုမိုမျှော်လင့်ထားပြီး ၅၀% ကမူ ကိုဗစ်-၁၉ ကြောင့် ထောက်ပံ့မှုများ ပိုမို၍ ရရှိလာမည်ဟု ယုံကြည်ကြသော်လည်း နိုင်ငံတကာ CSO များဘက်မှ ပိုမိုအဆိုးမြင်မှု အနည်းငယ်ရှိသည်။

စစ်တမ်းကောက်ယူပြီးနောက်၌ ဇွန်လ ၁၅ ရက်မှ ၁၈ ရက်ကြားတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် အွန်လိုင်း တိုင်ပင်ဆွေးနွေးမှု လေးကြိမ် ပြုလုပ်ခဲ့သည်။ နှစ်ကြိမ်ကို အင်္ဂလိပ်ဘာသာစကားဖြင့် ပြုလုပ်ခဲ့ပြီး ကျန်နှစ်ကြိမ်အား မြန်မာဘာသာစကားဖြင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုလေးကြိမ်တွင် အဖွဲ့အစည်း စုစုပေါင်း (၄၀) ခန့် ပါဝင်ခဲ့ပြီး ထိုအဖွဲ့အစည်းများအား ဥရောပသမဂ္ဂ (EU) က မြန်မာနိုင်ငံကို ကူညီထောက်ပံ့ရာတွင် ဦးစားပေး ဖြစ်သင့်သည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြရန် နှင့် ထိုမတိုင်မီ ၎င်းတို့လုပ်ဆောင်ထားသော အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးထားသည့် ဦးစားပေးသတ်မှတ်ချက်များကို အသိပေးတင်ပြစေကာ ၎င်းတို့ဆောင်ရွက်ထားသော ဆန်းစစ်ချက် အကျိုးရှိစေရန်အတွက် ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ (EUD)နှင့် ပြောဆိုဆွေးနွေးနိုင်မည့် အခွင့်အလမ်း ထပ်မံပေးခဲ့သည်။ EUD က ဦးဆောင်ကာ ရှင်းလင်းထားသည့် အကြံပြုဆွေးနွေးမှုများကို အွန်လိုင်းစစ်တမ်းကောက်ချက်၏ ရလဒ်များအတိုင်း ပထမဦးစားပေးဖြစ်သော စီမံအုပ်ချုပ်မှု၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့မှစတင်၍ ဦးစားပေးကဏ္ဍများနှင့် ကဏ္ဍငယ်များအား အစဉ်လိုက် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ပါဝင်သူများအားလည်း မိမိတို့၏ တင်ပြချက်များအား Webex ၏ ဘေးဘက်ခြမ်းမှ စာပို့သည့်နေရာတွင်းသို့ စာရိုက်ထည့်ပေးပို့ရန် မေတ္တာရပ်ခံခဲ့ပြီး ဆွေးနွေးမှု အစီရင်ခံစာအား ထုတ်ပြန်သည့်အချိန်တွင် ထင်မြင်ချက်များအားလုံးကို ပေါင်းစည်းဖော်ပြပေးမည် ဖြစ်သောကြောင့် မည်သည့်အဖွဲ့အစည်း တစ်ဦးတစ်ယောက်၏ မှတ်ချက်အနေဖြင့် တင်ပြချက်များတွင် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏အမည်ကို ထည့်သွင်းဖော်ပြရန် မလိုအပ်ကြောင်း ပါဝင်သူများအား အာမခံခဲ့သည်။ ပြီးစီးသွားသော ဆွေးနွေးမှုအစီရင်ခံစာကို ပါဝင်သူများအားလုံးထံ မျှဝေပေးမည်ဖြစ်သည်။

ဤဆွေးနွေးမှုများတွင် ဥရောပသမဂ္ဂ၏ ဦးစားပေးကဏ္ဍငါးခုသည် မြန်မာနိုင်ငံနှင့် အထူးသင့်လျော်ကြောင်း CSO များ နှင့် ထပ်မံကာ အတည်ပြုခဲ့ပြီး ကျန်ရှိနေသေးသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) နှင့် သက်ဆိုင်သည့် ထင်မြင်ချက်များကိုလည်း ရရှိခဲ့သည်။ ခွဲခြားဖော်ထုတ်ထားသည့် ဦးစားပေးကဏ္ဍများနှင့် ဤကဏ္ဍများအတွက် ဥရောပသမဂ္ဂက မည်သို့ ပံ့ပိုးပေးနိုင်ကြောင်း အကြံပြုချက်များကို အောက်တွင် အပြည့်အစုံဖော်ပြထားပြီး ကဏ္ဍတစ်ခုချင်းစီအတွက် အရေးကြီးအချက်များအား ကောက်နုတ်ဖော်ပြချက်များလည်း ပါဝင်ပါသည်။

- စီမံအုပ်ချုပ်မှု၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍတွင် အဆင့်မြင့်မူဝါဒဆိုင်ရာ ဆွေးနွေးမှုများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား ဒေသအဆင့်လုပ်ငန်းစဉ်များနှင့် ရှင်းလင်းစွာ ချိတ်ဆက်ရန် လိုအပ်ကြောင်း အလေးထားပြောဆိုခဲ့သည်။ မြေယာအသုံးချမှုစီမံကိန်း [LUP] အား ချဲ့ထွင်ခြင်း၊ မြေယာဥပဒေများအား ဖွံ့ဖြိုးစေခြင်း၊ LUP နည်းလမ်းများအား နိုင်ငံအနှံ့တွင် စမ်းသပ်အသုံးပြုခြင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် ရေရှည်တည်တံ့နိုင်သည့် သစ်လုပ်ငန်းများမှ ရလာမည့် ဝင်ငွေလမ်းကြောင်းများမှတစ်ဆင့် အကျိုးခံစားရရှိနိုင်ရန် နှင့် သဘာဝသယံဇာတများမှ ရလာမည့် ဝင်ငွေလမ်းကြောင်းများမှတစ်ဆင့် ကမ်းရိုးတန်းဒေသတွင် မှီတင်းနေထိုင်ကြသော ရပ်ရွာအသိုက်အဝန်းများ အကျိုးခံစားရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း။
- အစိမ်းရောင်သဘောတူညီချက်ကဏ္ဍတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပဋိပက္ခဖြစ်စေသည့် အကြောင်းတရားအဖြစ်လည်းကောင်း မြေယာ နှင့် သစ်တော စီမံအုပ်ချုပ်မှုအပေါ် အလေးပေးရန် အရေးကြီးကြောင်း တွက်ဆခဲ့ကြသည်။ ဤအကြောင်းအရာနှင့် ဆက်စပ်သော အခြားကိစ္စရပ်များမှာ ရာသီဥတုကို ထည့်သွင်းစဉ်းစားမှုရှိသော စိုက်ပျိုးရေးစနစ်နှင့် အစုအဖွဲ့လိုက် စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဘဲ ပွင့်လင်းမြင်သာသည့် မြေယာအသုံးချမှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် အပူချိန်ပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုဒဏ်ကို ခံနိုင်သည့် နည်းလမ်းဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုး တက်စေခြင်းတို့ ဖြစ်ပါသည်။

- ရွှေ့ပြောင်းနေထိုင်ခြင်းကဏ္ဍတွင် မကြာသေးမီက လုပ်သားခန့်အပ်ခြင်းများ အကြီးအကျယ် လျော့ပါးသွားမှုနှင့် ရွှေ့ပြောင်းအလုပ်လုပ်သူများ ပြန်လည်ရောက်ရှိလာခြင်းက ကျေးလက်ဒေသမှ အသက်မွေးဝမ်းကျောင်းမှုများအပေါ် အကြီးအကျယ် အကျိုးသက်ရောက်မှုရှိခဲ့ပြီး၊ အသိပညာပေးခြင်းနှင့် ဘဝတွက်တာစွမ်းရည်များ သင်ယူခြင်းတို့သည် အာဆီယံပေါင်းစည်းရေး (ASEAN integration) ကဲ့သို့ပင် ပိုမိုလုံခြုံကာ မြန်ဆန်သည့် ရွှေ့ပြောင်းနေထိုင်မှုကို ထောက်ပံ့ကူညီသည့်နေရာတွင် အလွန်တရာမှ အရေးကြီးသည်ဟု ယူဆခဲ့သည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) အတွက် ပညာ၊ အတတ်ပညာနှင့် အခြားသော အခွင့်အလမ်းများ ရှိမှသာလျှင် ၎င်းတို့သည် ရပ်ရွာအသိုက်အဝန်းများနှင့် ပေါင်းစည်းနိုင်မည် ဖြစ်သောကြောင့် ကြာရှည်ခံသည့် ဖြေရှင်းနည်းများ မရှိမဖြစ်လိုအပ်သည်ဟု သုံးသပ်ခဲ့ကြသည်။

- အလုပ်အကိုင်အခွင့်အလမ်းနှင့် ကြီးပွားတိုးတက်မှုကဏ္ဍမှ အချို့သော စိတ်ဝင်စားစရာကောင်းသည့် ဦးစားပေးချက်များထဲတွင် အမျိုးသမီးများအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်ကြားမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝင်လမ်းများပေးရန် လိုအပ်ကြောင်း ပါဝင်ပြီး အထူးသဖြင့် ကိုဗစ်-၁၉ အလွန်တွင် ပုဂ္ဂလိကကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား (SMEs) ပံ့ပိုးမှုပေးရန် အရေးကြီးကြောင်း ပါဝင်သည်။ သတင်းအချက်အလက်နှင့် ပညာရေးကို အကန့်အသတ်ဖြင့်သာ ရနိုင်သည့် ဝေးလံခေါင်သီသော ရပ်ရွာအသိုက်အဝန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကြီးပွားတိုးတက်မှုရရှိစေရန်မှာ ပညာရေးသည် အဓိကဖြစ်ကြောင်း သုံးသပ်ခဲ့ပြီး မီဒီယာထုတ်လွှင့်ခြင်းနှင့် အွန်လိုင်းလုပ်ငန်းများမှတစ်ဆင့် ၎င်းတို့ဆီသို့ လက်လှမ်းဆက်သွယ်ရန် လိုအပ်နိုင်သည်။

- ဒီဂျစ်တယ်နှင့် ဒေတာနည်းပညာများကဏ္ဍတွင် CSO များက အီလက်ထရောနစ်စနစ်သုံး စီမံအုပ်ချုပ်မှုနှင့် အများပြည်သူဝန်ဆောင်မှုများကို ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲသည့်နေရာတွင် ဝန်ကြီးဌာနအများအပြားနှင့် မတူညီသော ပုဂ္ဂလိကကဏ္ဍများ တွဲဖက်၍ အလုပ်လုပ်ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ပညာရေးဝန်ကြီးဌာန၏ ပင်မသင်ရိုးညွှန်းတမ်းတွင်းသို့ အဝေးသင်ပညာရေးကို ထည့်သွင်းပေါင်းစပ်ခြင်းအတွက် ပံ့ပိုးခြင်းအပြင် ဒီဂျစ်တယ် စာတတ်မြောက်ရေးနှင့် ပုဂ္ဂလအချက်အလက်များလုံခြုံရေးအတွက် အဓိကအချက်များ ဆောင်ရွက်ခြင်း၊ အင်တာနက်ကို လွယ်လင့်တကူ လက်လှမ်းမီနိုင်ကြစေရန်နှင့် broadband ဒေတာချိတ်ဆက်လုပ်ဆောင်နိုင်မှုများအား ကောင်းမွန်စွာ အသုံးပြုနိုင်ကြစေရန် အတွက် ဖြေရှင်းဆောင်ရွက် ပေးခြင်းတို့ကို အဓိကဦးစားပေးအချက်များအဖြစ် သတ်မှတ်ခဲ့ပါသည်။

ဦးစားပေးကဏ္ဍများအားလုံးအတွက် ဆက်လက်ဖော်ပြမည့် အချက်များကို ဥရောပသမဂ္ဂ၏ စီမံကိန်းရေးဆွဲမှုအမျိုးမျိုးတွင် ဘုံအပါဝင်ဆုံးဟု သတ်မှတ်ထားကြသည်။ ၎င်းတို့မှာ အားလုံးအကျုံးဝင် ပါဝင်ခြင်း၊ ရပ်ရွာအသိုက်အဝန်း၏ တာဝန်ယူဆောင်ရွက်ခြင်း၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု၊ လူတိုင်း၏ အတွေးအမြင်များ ပါဝင်ကြောင်း သေချာစေရန် မူဝါဒများနှင့် လုပ်ငန်းစဉ်များအား ဒေသအလိုက် ပြင်ဆင်မွမ်းမံခြင်း၊ မီဒီယာနှင့် သတင်းအချက်အလက်များ လွတ်လပ်စွာ စီးဆင်းနိုင်ခြင်းအား ပံ့ပိုးခြင်းအပြင် နိုင်ငံသားများ၏ အခွင့်ကဏ္ဍကို အားပေးခြင်းတို့ ဖြစ်ပါသည်။ အထူးသဖြင့် ငြိမ်းချမ်းရေး နှင့် ရွှေ့ပြောင်းနေထိုင်မှုနှင့် စပ်လျဉ်းသည့် ဇာစ်မြစ်များကို ကိုင်တွယ်ဖြေရှင်းပြီး တာရှည်ခံမည့် ဖြေရှင်းနည်းများကို ရှာဖွေရန် လိုအပ်ကြောင်း အလေးအနက် ဆွေးနွေးခဲ့ကြသည်။

## ၃။ ဥရောပသမဂ္ဂ၏ စီမံကိန်းအကြို မြန်မာနိုင်ငံ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးခြင်းများ - စီမံအုပ်ချုပ်မှုဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

### ၃.၁ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အောက်ခြေမှပြည်သူများ၊ ဖိနှိပ်ခံထားရသော နှင့် လူနည်းစု အသိုက်အဝန်းများ အဓိပ္ပါယ်လေးနက်ပြည့်ဝစွာ ပါဝင်နိုင်စေရန် ထည့်သွင်းခြင်း။
- ငြိမ်းချမ်းခြင်းလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါ တန်းတူပါဝင်ဆွေးနွေးနိုင်စေရန် သေချာစေခြင်း။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အကျိုးသက်ဆိုင်သူများအားလုံး (အစိုးရ၊ CSO များ၊ နိုင်ငံသားများ၊ အစိုးရမဟုတ်သည့် ပါဝင်လုပ်ဆောင်သူများ၏ အမြင်များ၊ တိုင်းရင်းသားလူနည်းစုများ၏ အတွေးအမြင်များ ပါဝင်သည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်သော နည်းလမ်းများကို သတင်းမီဒီယာမှတစ်ဆင့် ထုတ်ပြန်ဖော်ပြခြင်း။
- ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (EAOs) နှင့် အခြားသော တိုင်းရင်းသားအဖွဲ့အစည်းများကို ထည့်သွင်းပါဝင်စေခြင်း။
- လူ့အခွင့်အရေး အားပေးထောက်ခံမှုနှင့် ငြိမ်းချမ်းခြင်းလုပ်ငန်းစဉ်ကို ချိတ်ဆက်ပေးခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- နည်းပညာနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းမှတစ်ဆင့် CSO များ၏ အားလုံးအကျုံးဝင်ပါဝင်သော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကာ မြှင့်တင်အားပေးနိုင်သည့် စွမ်းဆောင်နိုင်ရည်ကို အားဖြည့်ပေးခြင်း နှင့် ပူးတွဲဆောင်ရွက်နေသည့် အရပ်ဘက်လူမှုရေးလှုပ်ရှားမှုကွန်ရက်များအား ပံ့ပိုးပေးခြင်း။
- ဖက်ဒရယ်ဝါဒဆိုင်ရာ အသိပညာပေးခြင်းအတွက် ပံ့ပိုးပေးခြင်း။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးခေါင်းဆောင်များအား ပါဝင်စေခြင်း။

## ၃.၂ ဒီမိုကရေစီနှင့် နိုင်ငံသားများ၏ အခွင့်ကဏ္ဍ

*အဓိကပြဿနာများဦးစားပေး/အချက်များ*

- ခွဲခြားဆက်ဆံခြင်း၊ အခွင့်အာဏာမရှိခြင်းနှင့် နှစ်ရှည်လများကြာပြီဖြစ်သော အကြမ်းဖက်မှုများ စသည့် ပဋိပက္ခဖြစ်ပေါ်စေသော အကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းခြင်း။
- အားလုံးအကျုံးဝင်ပါဝင်သော ဆွေးနွေးတိုင်ပင်မှုဖြစ်စေရန် သေချာစေပြီး သဘောထားကွဲလွဲသူများ၏ အမြင်ကို ဥပဒေနည်းအရ တိုက်ခိုက်ခြင်း နှင့် တစ်စထက်တစ်စ အားကောင်းလာသည့် လူမျိုး ဘာသာ-အခြေပြု အမျိုးသားရေးဝါဒကို တားဆီးကာကွယ်ခြင်း။
- လွတ်လပ်စွာ စုရုံးခွင့်နှင့် ရေးသားထုတ်ဖော်ခွင့်ကို အားပေးထောက်ခံခြင်း။
- လူမှုအသိုင်းအဝိုင်းတွင် အကျုံးဝင်ပါဝင်မှုအား တားဆီးထားသည့် အဟန့်အတားများကို စိန်ခေါ်တိုက်ဖျက်ခြင်းနှင့် ငြိမ်းချမ်းရေးအတွက် ထောက်ခံပံ့ပိုးမှု ပိုမိုရရှိစေရန် အားပေးမြှင့်တင်ခြင်း။
- မြေယာ၊ သယံဇာတနှင့် တရားမျှတမှု ပြုပြင်ပြောင်းလဲရေး မူဝါဒများစသည်တို့တွင် အစိုးရအနေဖြင့် တာဝန်ခံမှုရှိစေရန်အလို့ငှာ မီဒီယာကို ရေးသားတင်ပြနိုင်သည့် အခွင့်အာဏာပေးခြင်း။
- အစိုးရထံတွင် နိုင်ငံသား အခွင့်ကဏ္ဍ ဖန်တီးပေးရန်အတွက် အခြေခိုင်မာသော ရှေ့နောက်ညီညွတ်သည့် မဟာဗျူဟာများ မရှိခြင်း။
- အာဏာနှင့် သယံဇာတများကို ဒေသအဆင့်အထိ လက်လွှဲခွဲဝေပေးခြင်း။
- ပဋိပက္ခဖြစ်ပွားနေသော ဒေသများမှ ဖိနှိပ်ခံထားရသည့် ရပ်ရွာအသိုက်အဝန်းများကိုပါ ထည့်သွင်းခေါ်ယူသည့် အားလုံးအကျုံးဝင်ပါဝင်သော စီမံအုပ်ချုပ်ရေးကို ရေးဆွဲချမှတ်ခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- အစိုးရ နှင့် ပါဝင်လုပ်ဆောင်သူ တိုင်းရင်းသားများ၊ အတိုက်အခံအဖွဲ့များ အားလုံး တန်းတူပါဝင်ဆောင်ရွက်နိုင်သော အခြေအနေဖြစ်စေရန် ညှိယူပြင်ဆင်ခြင်း။
- ဒီမိုကရေစီ စံတန်ဖိုးများ ပိုမိုခိုင်မာအားကောင်းလာစေရန်အတွက် အောက်ခြေမှပြည်သူများ ဖွဲ့စည်းထားသည့် CSO များ နှင့် လူငယ်များ ပါဝင်ဆောင်ရွက်နိုင်သည့် အစီအစဉ်များအား ပံ့ပိုးပေးခြင်း။
- အရပ်ဘက်မှ ပါဝင်လုပ်ဆောင်သူများနှင့် အစိုးရအကြား အကျိုးရှိ ထိရောက်သည့် ဆွေးနွေးမှုများကို အားပေးခြင်း။

## ၃.၃ လူ့အခွင့်အရေးများ

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ပုဂ္ဂလိကကဏ္ဍများ၏ လူ့အခွင့်အရေးအပေါ် အပျက်သဘော အကျိုးသက်ရောက်စေခြင်း ( ဥပမာ မြေယာပြဿနာများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများ၊ ပဋိပက္ခအားပေး စီးပွားရေးများ၊ ရပ်ရွာအသိုက်အဝန်း၏ သဘောထားထုတ်ဖော်ပြောဆိုမှုများကို တိုက်ခိုက်ခြင်း) အား လူမှုရေးရာ တာဝန်ခံယူမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းများဖြင့် ကိုင်တွယ်ဖြေရှင်းခြင်း။
- ဆွေးနွေးမှုများတွင် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများ၊ အထူးသဖြင့် ဖိနှိပ်ခံရခြင်းနှင့် ဖယ်ကြဉ်ခံရခြင်း ပြဿနာများကို အသေအချာ ထည့်သွင်းဆွေးနွေးကာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ 'ချန်လှပ်ထားခြင်း မရှိစေရ' ဆိုသည့် ရည်မှန်းချက်အား အကောင်အထည်ဖော်ခြင်း။
- ပါဝင်လုပ်ဆောင်သူများ၊ အထူးသဖြင့် ဒေသအဆင့်တွင် ပါဝင်လုပ်ဆောင်သူများ အားလုံး၏ ရေရှည်ဆောင်ရွက်မှု အားကောင်းလာစေရန် အားထုတ်ခြင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် လူ့အခွင့်အရေး ကာကွယ်ပေးခြင်းအား သေချာစေရန် အလေးပေးခြင်း။

## ၃. ၄ သဘာဝသယံဇာတ စီမံခန့်ခွဲမှု [NRM]

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ကွဲပြားသော တိုင်းရင်းသားအုပ်စုများကြားမှ ပဋိပက္ခအား တားဆီးကာကွယ်ခြင်း နှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်သော အသက်မွေးဝမ်းကျောင်းမှုအား ပေးစွမ်းနိုင်ခြင်းတို့တွင် သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေး၏ အခန်းကဏ္ဍကို လက်ခံအသိအမှတ်ပြုခြင်း၊
- အမျိုးသားမြေအသုံးချမှုကောင်စီနှင့် မြေယာဥပဒေရေးသားပြင်ဆင်မှုအား ပံ့ပိုးရန်အတွက် မြေယာအသုံးချမှုစီမံကိန်း (LUP) အား ဆက်လက်ချဲ့ထွင်ခြင်း၊ LUP နည်းနိသယများကို နိုင်ငံအနှံ့တွင် စမ်းသပ်အသုံးပြုခြင်း။
- သစ်တောကဏ္ဍ နှင့် သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှု [FLEGT] တို့သည် ရေရှည်တည်တံ့နိုင်သည့် သစ်လုပ်ငန်းများမှ အနာဂတ်တွင် ရလာမည့်

ဝင်ငွေလမ်းကြောင်းများမှတစ်ဆင့် တိုင်းရင်းသား အဖွဲ့အစည်းများ အကျိုးခံစားရရှိနိုင်ရန် လမ်းသစ်များဖွင့်ပေးသည့် နေရာတွင် အလွန် အရေးကြီးသည်။

- (ရေအောက်သယံဇာတသာမက) ကမ်းရိုးတန်းသဘာဝအရင်းအမြစ်များအား သဘာဝသယံဇာတ စာရင်းထဲသို့ ထည့်သွင်းခြင်း။ မြန်မာနိုင်ငံတွင် အလျားအလွန်ရှည်သော ကမ်းရိုးတန်းရှိပြီး ထိုတွင် မှီတင်းနေထိုင်ကြသူများသည် ထိခိုက်အလွယ်ဆုံး အုပ်စုများထဲတွင် အပါအဝင်ဖြစ်သည်။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- NRM နှင့် စပ်လျဥ်းသည့် မူဝါဒပြုပြင်ပြောင်းလဲမှုအား အကျိုးသက်ဆိုင်သူများအားလုံးနှင့်အတူ ထောက်ခံအားပေးရန်။ ဥပဒေများ၊ မူဝါဒများနှင့် ပတ်သက်၍ အသိပညာနှင့် နားလည်သဘောပေါက်မှု ပိုရှိလာရန် လိုအပ်သည်။

## ၃.၅ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု (Public Finance Management)

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု သဘောတရားနှင့် ပတ်သက်၍ နိုင်ငံသားများ နားလည်သဘောပေါက်မှု ပိုရှိလာစေရမည်။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှု အညွှန်းကိန်းမှာ ၄ဝ ထက် ကျော်သင့်သော်ငြား ၂၈ သာရှိသည်။

ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ

- ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုတွင် CSO များ၏ အခန်းကဏ္ဍအား ပံ့ပိုးပေးရန်။

## ၃.၆ တရားမျှတမှုရေးရာ ပြုပြင်ပြောင်းလဲရေး

*အဓိကပြဿနာများဦးစားပေး/အချက်များ*

- အကူးအပြောင်းဆိုင်ရာ တရားမျှတမှုအပြင် ရပ်ရွာအသိုက်အဝန်းဆိုင်ရာ တရားမျှတမှုနှင့် တရားဝင် တရားမျှတမှုရေးရာ ယန္တရားများအကြား ချိတ်ဆက်မှုများ ရှိလာစေရန် ဆောင်ရွက်ခြင်း။
- မြေယာဆုံးရှုံးခဲ့ရသူများ၏ တောင်းဆိုမှုများအား ကိုင်တွယ်ဖြေရှင်းပြီး မြေယာအခွင့်အရေး ချိုးဖောက်ခံခဲ့ရသူများအတွက် တရားမျှတမှုကို ထိထိရောက်ရောက် ပေးစွမ်းနိုင်ရန် ယန္တရားများကို အားဖြည့်ပေးခြင်း။
- တရားဝင်နှင့် အလွတ်သဘော စနစ်များကို အများအားဖြင့် သီးခြားစီရပ်တည်သော စနစ်များအဖြစ် သတ်မှတ်သော်ငြား အထူးသဖြင့် ကချင်ပြည်နယ်ကဲ့သို့သော နေရာမျိုးတွင် ၎င်းတို့ စနစ်နှစ်ခုအား ပေါင်းစည်းအသုံးပြုခြင်းကို စမ်းသပ်လုပ်ဆောင်ရန်။

## ၃.၇ တရားဥပဒေစိုးမိုးရေး (ရဲတပ်ဖွဲ့ရေးရာ ပြုပြင်ပြောင်းလဲရေး )

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ရဲအရာရှိများက အခွင့်အာဏာကို အလွဲသုံးစားလုပ်ခြင်း၊ အဂတိလိုက်စားမှု ပပျောက်စေရန် နှင့် ရပ်ရွာဒေသခံကဲ့သို့ မှတ်ယူနိုင်သည့် ရဲတပ်ဖွဲ့များ ရှိလာစေရန် ပြုပြင်ပြောင်းလဲခြင်း။
- သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များနှင့် ပတ်သက်သော ရာဇဝတ်မှုများအား ပိုမိုဂရုပြုနိုင်စေရန်အလို့ငှာ အမျိုးသားရာဇဝတ်မှုကာကွယ်တားဆီးရေးမဟာဗျူဟာတွင် သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲအား ထည့်သွင်းခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- အထက်တွင် ဖော်ပြထားသော ပြဿနာများအား ဥရောပသမဂ္ဂ (EU) ၏ စီမံကိန်းဖြစ်သည့် MyPol မှတစ်ဆင့် ဖြေရှင်းခြင်း။

## ၄။ ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စီမံကိန်းအကြို တိုင်ပင်ဆွေးနွေးခြင်းများ - အစိမ်းရောင် သဘောတူညီချက်

## ၄. ၁ ရာသီဥတုပြောင်းလဲမှု

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ရာသီဥတုပြောင်းလဲခြင်း၊ သစ်တောများနှင့် အသက်မွေးဝမ်းကျောင်းမှုများအကြားမှ ဆက်နွယ်မှုများအကြောင်း လူထုကို အသိပညာပေးခြင်း။ ရာသီဥတုပြောင်းလဲမှု၏ ရပ်ရွာအဆင့်အပေါ် အကျိုးသက်ရောက်မှုကို အသားပေးခြင်းနှင့် ၎င်းအား ရာသီဥတုပြောင်းလဲခြင်း၏ အဓိကအကြောင်းရင်းများနှင့်လည်း ချိတ်ဆက်ပြခြင်း
- DDR ကြိုးပမ်းအားထုတ်မှုများသည် ရာသီဥတုနှင့် ဆက်စပ်သော သက်ရောက်မှုများကို အရေးပေါ်တုံ့ပြန်မှုသာ ပြုလုပ်ခြင်းထက် အထက်အဆင့်တွင် စီမံကိန်းရေးဆွဲခြင်းနှင့် ရာသီဥတုနှင့်ဆိုင်သော သဘာဝဘေးဒဏ်များကို ခံနိုင်ရည်ရှိမှုတို့နှင့် ချိတ်ဆက်ပေးခြင်း။
- အထူးသဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် အသက်မွေးဝမ်းကျောင်းမှု၊ နယ်မြေနှင့် ဒေသအသီးသီးရှိ လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းမှု မဟာဗျူဟာများအပေါ် သက်ရောက်မှုများအတွက် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရင်ဆိုင်ရန် မဟာဗျူဟာများနှင့် အကြံဉာဏ်များ မျှဝေပေးရန် မီဒီယာကိုအသုံးပြုခြင်း။
- ရာသီဥတုဆိုင်ရာ ပြဿနာရပ်များအား နားလည်ရန်နှင့် တင်ပြရန် ဒေသခံမီဒီယာစွမ်းရည်ကို မြှင့်တင်ခြင်း
- အစိုးရအား တာဝန်ခံစေရန် နှင့် ပေါ်ပေါက်လာသော ရာသီဥတုဆိုင်ရာ ပြဿနာရပ်များကို ဖြေရှင်းပေးရန်အတွက် လူမှုရေးဆိုင်ရာနှင့် တစ်ဦးချင်းဆိုင်ရာ အပြုအမူ အပြောင်းအလဲများကို တည်ဆောက်ရန်အတွက် ရာသီဥတုဆိုင်ရာ လှုပ်ရှားမှုတွင် လူငယ်များ၏ ပါဝင်မှုနှင့် ၎င်းတို့၏ပူးပေါင်းမှုကို မြှင့်တင်ခြင်း။
- ရာသီဥတုပြောင်းလဲခြင်း နှင့် အစိမ်းရောင်သဘောတူညီချက်တို့ အကြောင်း ပုဂ္ဂလိကကဏ္ဍ၏ နားလည်သဘောပေါက်မှုအား မြှင့်တင်ပေးခြင်း။
- 'ရာသီဥတုနှင့် သဘာဝ' အား ပေါင်းစပ်စိန်ခေါ်မှု တစ်ခုအဖြစ် အသိအမှတ်ပြုနားလည်ခြင်း။ လတ်တလောတွင် ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCCC) နှင့် UN CBD တို့အား ကမ္ဘာ့ လူမှုအသိုင်းအဝိုင်းက သီးခြားစီ ကိုင်တွယ်သော်လည်း မူဝါဒဆိုင်ရာ ချဉ်းကပ်မှုများတွင် ယင်းတို့ကို ယခုထက် များစွာပို၍ ပေါင်းစပ်ရှုမြင်သင့်သည်။
- နေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ရွှေ့ပြောင်းနေထိုင်သူများ အပေါ် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုကို အလေးပေး အာရုံစိုက်ခြင်း။
- ဒေသန္တရအဆင့်တွင် ရာသီဥတုပြောင်းလဲခြင်းနှင့် သက်ဆိုင်သည့် မူဝါဒများကို အကောင်အထည် ဖော်ခြင်း၊ ရပ်ရွာအသိုက်အဝန်းများ၏ ဘေးဒဏ်ခံနိုင်ရည်ကို မြှင့်တင်ရန်နှင့် ၎င်းတို့၏ အသိပညာနှင့် စွမ်းဆောင်နိုင်ရည်များကို ဖော်ထုတ်အသုံးချခြင်း။ ဒေသန္တရအာဏာပိုင်များနှင့် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော ဝန်ဆောင်မှုပေးခြင်းကို ထောက်ကူနိုင်မည့် စွမ်းရည်ကို ပိုမိုတိုးတက်ကောင်းမွန်လာစေပြီး နိုင်ငံသားများ/ ရပ်ရွာအသိုက်အဝန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့်

အဓိပ္ပါယ်လေးနက်ပြည့်ဝသော ထိတွေ့ဆက်ဆံမှုများ ရရှိစေရန် စွမ်းဆောင်ရည်မြှင့်တင်ခြင်း (ဥပမာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု)

- အစိမ်းရောင်သဘောတူညီချက်တွင် စီမံအုပ်ချုပ်မှုကို ထည့်သွင်းခြင်း၊
- အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံရာတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစားမှုရှိကြောင်း သေချာစေရမည်။ ဥပမာ - ကျေးလက်ဒေသသို့ လွယ်လင့်တကူ သွားလာနိုင်ခြင်းသည် သဘာဝသယံဇာတအရင်းအနှီးရရှိမှုကို တိုးမြှင့်စေသော်လည်း ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုကို ပိုမိုမဆိုးဝါးစေခြင်း
- အစိမ်းရောင်သဘောတူညီချက်၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင် လုပ်ဆောင်ရန်အတွက် အကျိုးသက်ဆိုင်သူပေါင်းစုံ (အစိုးရ - ပုဂ္ဂလိက - လူမှုအဖွဲ့အစည်း) ပါဝင်သည့် မိတ်ဖက်ဖွဲ့စည်းခြင်း၊
- ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ ရေရှည်တည်တံ့ခိုင်မြဲသော ဖြေရှင်းလုပ်ဆောင်ချက် ရှိလာစေရန်အတွက် အစိမ်းရောင်သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဒေသဆိုင်ရာပေါင်းစည်းမှုကို သေချာစေခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- ကမ်းရိုးတန်းဒေသများသည် ထိခိုက်အလွယ်ဆုံး ဒေသများဖြစ်သောကြောင့် (ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ရေကြီးမှု စသည်ဖြင့်) သစ်တောနှင့် မြေယာများအပြင် ကမ်းရိုးတန်းဒေသ သဘာဝသယံဇာတ စီမံခန့်ခွဲမှုစနစ်များကို အလေးပေး အာရုံစိုက်ပါ။
- CSO များပါဝင်သော အစိမ်းရောင် သဘောတူညီချက်ကို လုပ်ဆောင်ရန် စီးပွားရေးလုပ်ငန်းများအတွက် ဆန်းသစ်တီထွင်မှုကို ဆောင်ကြဉ်းပေးခြင်း၊ ရပ်ရွာအဆင့်တွင် ဆန်းသစ်မှုရှိသော မိတ်ဖက်ပြုခြင်းများကို ဖန်တီးခြင်း။
- ဒေသတွင်း ပေါင်းစည်းမှုကို ပံ့ပိုးပေးခြင်း၊ အရှေ့တောင်အာရှ တစ်ခုလုံးအတွက် ပိုမိုရေရှည်တည်တံ့ခိုင်မြဲသည့် အစိမ်းရောင်အခွင့်အလမ်းများကို ဖန်တီးပေးရန် လုပ်ဆောင်ခြင်း။

## ၄.၂ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ခြင်း

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- နိုင်ငံတော်က ကာကွယ်ထားသော ဧရိယာစနစ်အား ဘဏ္ဍာရေးနှင့် စွမ်းဆောင်ရည် ထောက်ပံ့ပေးခြင်း၊ ဒေသန္တရအုပ်ချုပ်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး ရလဒ်များ

တိုးတက်စေရန်အတွက် သိသာထင်ရှားသော အခွင့်အလမ်းများ ပံ့ပိုးပေးရန် ရပ်ရွာမှ အကာအကွယ်ပေးထားသော ဧရိယာများ (CPAs) ကို ထောက်ပံ့ခြင်း - မြေအသုံးချမှုစီမံကိန်းနှင့်လည်း သက်ဆိုင်သည်။

- ပဋိပက္ခ ဖြစ်ပွားနေသော ဒေသများရှိ ပဋိပက္ခများနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြဿနာများကြောင့် အစိမ်းရောင် သဘောတူညီချက် ပဏာမစီမံချက်များ ရှေ့မတိုးသာဖြစ်သည့် အခြေအနေမှ ကာကွယ်ခြင်း - ဥပမာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြေယာကိစ္စများ။
- ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်မီ ဒေသတွင်းနှင့် ပြည်ထောင်စုအဆင့်၌ ရပ်ရွာလူထု၏ စိုးရိမ်မှုများကို ကြားသိရစေရန် သင့်လျော်သော ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှုများနှင့် အဓိပ္ပါယ်လေးနက် ပြည့်ဝသော ထိတွေ့ဆက်ဆံမှုရှိကြောင်း သေချာစေခြင်း။
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအား ရေရှည်တည်တံ့ရေးနှင့် ချိတ်ဆက်ခြင်း။

## ၄.၃ သစ်တောရေးရာ စီမံခန့်ခွဲမှု

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- သင့်တော်သော သစ်တောရေးရာ စီမံခန့်ခွဲမှု၊ ဥပမာ သစ်တောများကို ခုတ်လှဲဖယ်ရှားခြင်းထက် စိုက်ခင်းအသစ်များ ဖော်ထုတ်ခြင်းနှင့် သစ်တောများ ဆက်လက်ဖုံးလွှမ်းစေခြင်း။
- ထိခိုက်အလွယ်ဆုံး အသိုက်အဝန်းများကို နစ်နာဆုံးရှုံးစေပြီး နေရပ်စွန့်ခွာရစေသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဥပဒေများကို ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ခြင်းဖြင့် သစ်တောနှင့်မြေယာ စီမံခန့်ခွဲမှုကို ပိုမိုခိုင်မာအားကောင်းစေခြင်း။
- အထူးသဖြင့် နယ်စပ်ဒေသများရှိ ရပ်ရွာအသိုက်အဝန်းပိုင် သစ်တောများ ဖွံ့ဖြိုးတိုးတက်ရေး။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်စောင့်ရှောက်ရေးအတွက် ခိုင်မာသော အစိုးရမူဝါဒချမှတ်ရေးကို အားပေးခြင်း။

## ၄.၄ မြေယာစီမံခန့်ခွဲမှု

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ပဋိပက္ခဖြစ်ခြင်းမှ ကာကွယ်ရန် မြေယာစီမံခန့်ခွဲမှု နယ်ပယ်တွင် အခွင့်အရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အသိအမြင် မြင့်မားလာစေရေး။

- မြေယာပြန်လည်ထူထောင်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖြေရှင်းချက်စီမံကိန်း ရေးဆွဲခြင်းနှင့် မြေယာပြန်လည်ခွဲဝေခြင်း။
- အမျိုးသမီးများအတွက် မြေယာနှင့် ပိုင်ဆိုင်ခွင့်များ တန်းတူညီမျှ အခွင့်အရေးရရှိစေရေး။
- ဆင်းရဲနွမ်းပါးသူများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများကို နစ်နာဆုံးရှုံးစေသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း (VFV) နှင့် အခြားမြေယာဥပဒေများသာမက မြေယာဘဏ်နှင့် ၎င်းအား စီမံအုပ်ချုပ်ပုံကို မွမ်းမံပြင်ဆင်ခြင်း။
- နေရပ်စွန့်ခွာတိမ်းရှောင်မှုအတွက် အစိုးရအား တာဝန်ခံယူစေရန် ဒေသခံ/တိုင်းရင်းသား အသိုက်အဝန်းများကို နစ်နာဆုံးရှုံးစေသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း (VFV)နှင့် အခြားဥပဒေများအား ရပ်ရွာအခြေပြု/ အောက်ခြေအဆင့်မှအထက်သို့ ကိုင်တွယ်စီမံမှုများကို ထောက်ပံ့ပေးခြင်း
- တင်ဒါတင်ခြင်းနှင့် ဆက်သွယ်ရေးတာဝါတိုင်များနှင့် ဖိုက်ဘာစနစ် အဆင်အပြင်များအတွက် လိုင်စင်ဖြန့်ဝေခြင်းတွင် ပွင့်လင်းမြင်သာမှုရှိခြင်းကြောင်း သေချာစေခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- မြေယာကို စီမံခန့်ခွဲရာတွင် စေ့စပ်သေချာစေရန် မြေယာဥပဒေများဆိုင်ရာ သင်တန်းများပေးခြင်း။
- အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ဒေသခံလယ်သမားများ၏ အကျိုးအတွက် ဓလေ့ထုံးတမ်း အစဉ်အလာမြေယာ အသုံးပြုမှု မူဝါဒ ပြုပြင်ပြောင်းလဲရေးကို အားပေးထောက်ပံ့ရန်။
- မြေယာဆုံးရှုံးသူများ၏ တောင်းဆိုမှုများကို ဖြေရှင်းရန်နှင့် မြေယာအခွင့်အရေး ချိုးဖောက်ခံရသူများအတွက် တရားမျှတမှုကို ထိရောက်စွာ လက်လှမ်းမီနိုင်သည့် ယန္တရားများ အားကောင်းလာစေရန် အစိုးရအား ထောက်ခံအားပေးရန်။

## ၄.၅ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှု

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ရာသီဥတုကို ထည့်သွင်းစဉ်းစားမှုရှိသော စိုက်ပျိုးရေးစနစ်တွင် ရင်းနှီးမြှုပ်နှံခြင်း - ဥပမာ ရာသီဥတုဒဏ် ခံနိုင်သော ဒေသရင်းမျိုးစေ့များ - အော်ဂဲနစ်စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်သည့် ပွင့်လင်းမြင်သာသော မြေယာအသုံးပြုမှုအပါအဝင် 'အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ' ဖွံ့ဖြိုးတိုးတက်ရေးကို သုတေသနပြုခြင်းနှင့် အားပေးခြင်း။
- ရာသီဥတု ပြောင်းလဲမှုပေါ်တွင် မြန်မာနိုင်ငံ၏ ထိခိုက်လွယ်မှုအား ထည့်သွင်းစဉ်းစားခြင်းနှင့် သဘာဝ ဘေးအန္တရာယ်များနှင့် အပူချိန် ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများကို ခံနိုင်ရည်ရှိသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး။

- ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့် အသက်မွေးဝမ်းကျောင်းမှုများ တိုးတက်စေရန်အတွက် ရပ်ရွာလူထုမှ ပံ့ပိုးသော စိုက်ပျိုးရေးနည်းများဖြစ်သည့် ဆန်းသစ်သောနည်းပညာများနှင့် သီးနှံပင်များရောနှော စိုက်ပျိုးခြင်းအားဖြင့် မြေအသုံးချမှု နည်းစနစ်များကို အလေးပေး အာရုံစိုက်ခြင်း။
- လူငယ်များပါဝင်မှုကို အနာဂတ်ပြောင်းလဲမှု၏ တွန်းအားတစ်ခုအဖြစ် ထိန်းချုပ်အသုံးချခြင်း။
- စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် တရုတ်နိုင်ငံမှ ကချင်ပြည်နယ်သို့ အရည်အသွေးမပြည့်မီသော၊ အရည်အသွေးနိမ့်သောအစားအစာများ ဝင်ရောက်လာမှုကို ကာကွယ်ခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော အစားအစာစနစ်များကို အားပေးမြှင့်တင်ပေးရန်။
- အားလုံးအကျုံးဝင်ပါဝင်မှုကို LIFT မဟာဗျူဟာမှတစ်ဆင့် အထောက်အကူပြုရန်အတွက် လူမှုဆိုင်ရာ ဘေးကင်းလုံခြုံရေး အကူအညီအား ပိုမိုမြှင့်တင်ရန်။

## ၄.၆ သဘာဝဘေးအန္တရာယ်လျော့ပါးရေး [DRR]

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- DRR အတွက် အောက်ခြေအဆင့်မှအထက်သို့ ချဉ်းကပ်မှုနည်း သုံးကြောင်း သေချာစေရန်အတွက် ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုမှတစ်ဆင့် ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။
- DRR ကို သဘာဝဘေးအန္တရာယ်များနှင့်သာမက လူမှုရေးပြဿနာများ၊ စီမံအုပ်ချုပ်မှုနှင့် ကျန်းမာရေးတို့နှင့်ပါ ဆက်နွယ်မှုရှိကြောင်း သေချာစေခြင်း။
- သဘာဝဘေးအန္တရာယ်များ သို့မဟုတ် ပြည်သူများကြုံတွေ့ရသော ဘေးဒုက္ခများသည် ရေရှည်တွင် ဘေးဒဏ်ခံနိုင်ရည်ရှိမှုအပေါ် မည်သို့ သက်ရောက်မှုရှိကြောင်း နားလည်ရန် ပိုမိုကျယ်ပြန့် နက်ရှိုင်းသော ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ဆိုင်ကလုန်းများနှင့် မြေငလျင်များကဲ့သို့သော 'ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးအန္တရာယ်များ' ထက် ကျော်လွန်၍ ကြံ့ကြံ့ခံနိုင်သည့် ရပ်ရွာလူထုဘေးဒဏ်ခံနိုင်ရည်ကို တည်ဆောက်ရေး။

## ၄.၇ ပြန်ပြည့်မြဲစွမ်းအင်

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် ပြန်ပြည့်မြဲစွမ်းအင် မြှင့်တင်ခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်၊ ကျေးလက်ရပ်ရွာလူထု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးရန်။
- ကြီးမားသော ရေအားလျှပ်စစ်စွမ်းအင် မပါဝင်ဘဲ နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်ကို အဓိကထားကာ ကာဗွန်အသုံးချမှု နည်းပါးသည့် သဘာဝပတ်ဝန်းကျင်မထိခိုက်သော ပြန်ပြည့်မြဲစွမ်းအင်ကို ဦးစားပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ တိုးတက်လာခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ သိသာထင်ရှားစွာ များပြားတိုးတက်လာခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းပေးရန် လိုအပ်ခြင်း။
- ပြန်ပြည့်မြဲစွမ်းအင်ကို ဝေးလံခေါင်သီသော ဒေသများသို့ စွမ်းအင်ဖြည့်ဆည်းပေးနိုင်သည့် နည်းလမ်းတစ်ခုအဖြစ် အလေးပေးစဉ်းစားခြင်း။ လူငယ်များ ပါဝင်လုပ်ဆောင်စေပြီး ၎င်းတို့အား ဦးဆောင်ခွင့်ပေးခြင်း၊ နှင့် အလုပ်အကိုင် အခွင့်အလမ်းများပေးခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သော မြို့ကြီးများ ဖြစ်လာစေရန် အလေးပေး အာရုံစိုက်ခြင်းနှင့် အစိမ်းရောင် သယ်ယူပို့ဆောင်ရေးအတွက် ပိုမိုခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုကို ထောက်ပံ့ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။ လေထုညစ်ညမ်းမှုကိုလျှော့ချခြင်း။ ပြန်ပြည့်မြဲစွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှု နှင့် စွမ်းအင်ချွေတာရေးကို တိုးမြှင့်ခြင်း။

## ၅။ ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စီမံကိန်းအကြို တိုင်ပင်ဆွေးနွေးခြင်းများ - အလုပ်အကိုင်အခွင့်အလမ်းနှင့် ကြီးပွားတိုးတက်မှုအတွက် မဟာမိတ်အဖွဲ့များ

### ၅.၁ ဥရောပသမဂ္ဂဆိုင်ရာ စီးပွားရေးလုပ်ငန်းများအတွက် တန်းတူပါဝင်ဆောင်ရွက်နိုင်သော အခြေအနေအဆင့်အား ဆက်လက်တည်ရှိစေခြင်း

မှတ်ချက်မရှိပါ။

### ၅.၂ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ကျင့်ဝတ်နှင့်အညီ ရင်းနှီးမြှုပ်နှံမှု နှင့် အာဆီယံအဆင့် တိုးတက်မှုအတွက် ကောင်းမွန်သော လုပ်ငန်းခွင် စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ တိုက်တွန်းအားပေးခြင်း။

- မြေယာလက်ဝါးကြီးအုပ်သိမ်းဆည်းမှုများကို တားဆီးကာကွယ်ရန်အတွက် တာဝန်ယူမှုရှိပြီး ကျင့်ဝတ်နှင့်ညီသော စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို အားပေးထောက်ခံခြင်း။ ဥရောပသမဂ္ဂ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ၎င်းတို့၏ လူသားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ အပေါ် တာဝန်ခံမှုကို လေ့လာကြည့်ရှုခြင်း။
- ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများရရှိကြောင်း သေချာစေခြင်း၊ ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများဖြစ်စေရန် မြှင့်တင်ရာတွင် လူများ၏ ကိုယ်ပိုင်စီမံနိုင်စွမ်းနှင့် အလုပ်သမားသမဂ္ဂများ၏ အခန်းကဏ္ဍကို ထောက်ပံ့ပေးခြင်း။
- မြန်မာနိုင်ငံရှိ လူဦးရေ၏ ၈၀% ကျော်သည် အလွတ်သဘော အလုပ်လုပ်ကိုင်နေကြသောကြောင့် ကြီးမားသော အလွတ်သဘော စီးပွားရေးကဏ္ဍများအတွက် ဘေးကင်းလုံခြုံရေး အကူအညီများနှင့် လူမှုဆိုင်ရာ အကျုံးဝင်ပါဝင်မှုများ ထောက်ပံ့ပေးခြင်း။
- ကိုဗစ်-၁၉ ကာလအတွင်း ကျင့်သုံးခဲ့သည့် ငွေသားပေးအပ်ခြင်းထက် ကျော်လွန်သော လူမှုကာကွယ်စောင့်ရှောက်ရေး ပေးစွမ်းနိုင်ရန်အတွက် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း။
- လျှပ်စစ်စွမ်းအင်နှင့် ဝန်ကြီးဌာန (MOEE)၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MOPFI) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန (MOIFER) နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC)တို့၏ ပြန်ပြည့်မြဲစွမ်းအင် ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုသော မူဝါဒများချမှတ်ခြင်း။
- ESG (သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု) စံနှုန်းများကို ဘဏ်စနစ်မှ ချေးငွေမူဝါဒများနှင့် ပေါင်းစပ်ခြင်း။
- တစ်ပိုင်တစ်နိုင်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များအတွက် ထောက်ကူနိုင်သော စီးပွားရေး အခြေအနေကို ပံ့ပိုးပေးခြင်းသည် ကျေးလက်နှင့် နယ်စပ်ဒေသများတွင် စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းတစ်ခုဖြစ်သည်။
- ကိုဗစ်-၁၉ ကြောင့် နယ်စပ်များ ပိတ်ဆို့ထားသဖြင့် ကုန်တင်ပို့ခြင်းမရှိသကဲ့သို့ ပြည်တွင်းဈေးကွက်များလည်း ကျဆင်းလာသည်။ လူလတ်တန်းစားနှင့် ဆင်းရဲနွမ်းပါးသူများ နှစ်ရပ်စလုံးအတွက် အသေးစားစီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်ရန် အထောက်အပံ့ လိုအပ်သည်။
- ထုတ်ကုန်များကို အပြိုင်အဆိုင် တင်ပို့နိုင်စေရန်အလို့ငှာ စိုက်ပျိုးရေးဆိုင်ရာ အခြေအနေကို ဖွံ့ဖြိုးတိုးတက်စေခြင်း။
- စိုက်ပျိုးရေးလုပ်ငန်းမှ လုပ်သားအင်အား၏ ၇၀% အတွင်းရှိ အဖွဲ့ငယ်များ ဒဏ်ခံနိုင်ရည်ရှိစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမျိုးစုံ ပြုလုပ်ကြောင်း သေချာစေခြင်း။
- အလုပ်အကိုင် အခွင့်အလမ်း တိုးတက်မှုနှင့် ပတ်သက်၍ အသေးစိတ် လေ့လာဆန်းစစ်မှုရှိကြောင်း သေချာစေခြင်း။

- စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့စေမည့် မျှတပြီး ပွင့်လင်းမြင်သာသော အခွန်စနစ်များ ဖော်ဆောင်ခြင်း။
- မီဒီယာများတွင် စီးပွားရေးဆိုင်ရာ အချက်အလက်များကို လက်လှမ်းမီနိုင်မှုနှင့် စီးပွားရေးဆိုင်ရာ အစီရင်ခံတင်ပြမှု စွမ်းရည်ရှိကြောင်း သေချာစေခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးတိုးတက်မှုပုံစံများ၊ ကောင်းမွန်သော လုပ်ငန်းခွင်နှင့် ကျင့်ဝတ်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုတို့အကြောင်း သတင်းအချက်အလက်ပြည့်စုံစွာ ဆွေးနွေးဖလှယ်မှုကို အားပေးမြှင့်တင်ရာတွင် မီဒီယာသည် အခန်းကဏ္ဍတစ်ခုမှ ပါဝင်စေရန် ပံ့ပိုးကူညီခြင်း။
- စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမှုများကို အလေးထားသင့်သည်။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- ဥရောပသမဂ္ဂအနေဖြင့် ကျား/မရေးရာအမြင်များအား အသွင်ပြောင်းလဲပစ်ရန် ရင်းနှီးမြှုပ်နှံမှုများကို အားပေးသင့်သည်။
- ဥရောပသမဂ္ဂ ရင်းနှီးမြှုပ်နှံမှုများ၏ တာဝန်ခံမှုနှင့် ၎င်းတို့၏ လူသားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို လေ့လာကြည့်ရှုခြင်း။

## ၅.၃ အာဆီယံမှတစ်ဆင့် ဒေသတွင်းပေါင်းစည်းမှုကို ပံ့ပိုးမှု

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- ဥပမာအားဖြင့် လုံခြုံစိတ်ချရပြီး အလွယ်တကူ ရွှေ့ပြောင်းနေထိုင်ခြင်းအတွက် ပံ့ပိုးကူညီရေးကဲ့သို့သော ကဏ္ဍများတွင် အာဆီယံစံနှုန်းများ ချမှတ်ခြင်းမှတစ်ဆင့် အပြုသဘောဆောင်သော တိုးတက်မှု ဖန်တီးရန်အတွက် အာဆီယံပေါင်းစည်းမှုကို အသုံးချခြင်း။

## ၅.၄ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှု

*အဓိကပြဿနာများ/ဦးစားပေးအချက်များ*

- ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ပတ်သက်၍ စီးပွားရေးနှင့် လူ့အခွင့်အရေးအကြား ဆက်စပ်မှုကို အလေးပေးခြင်းနှင့် အထူးသဖြင့် ရခိုင်ပြည်နယ်မှ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးလက်လှမ်းမီမှု ကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ လေ့လာခြင်း။

- အထူးသဖြင့် အမျိုးသမီးများအတွက် တိုင်းရင်းသားဖြစ်ခြင်းနှင့် အခြားသော လက်လှမ်းမီခြင်းဆိုင်ရာ အတားအဆီးများကို ကျော်လွှားခြင်း။
- အသေးစားငွေကြေးထောက်ပံ့မှု၏ အတိုးနှုန်းကို လျှော့ချရန်အတွက် သုတေသနပြုလုပ်ခြင်းနှင့် အသေးစားချေးငွေလုပ်ငန်း အေဂျင်စီများနှင့် အစိုးရတို့အား စည်းရုံးလှုံ့ဆော်ခြင်း။

## ၅. ၅ ပညာရေး၊ ကျွမ်းကျင်မှု၊ အသက်မွေးဝမ်းကျောင်း သင်တန်း

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- အားလုံးအကျုံးဝင်ပါဝင်မှု - လက်လှမ်းမီရန် ခက်ခဲသော နယ်မြေဒေသများ နှင့် ဘေးဖယ်ခံထားရသော လူနည်းစုအုပ်စုများ နှစ်မျိုးစလုံး ပါဝင်ခြင်း။
- လူငယ်များနှင့် အမျိုးသမီးများကို ဝင်ငွေရှာဖွေနိုင်မည့် အခွင့်အလမ်းများအား လျင်မြန်စွာ လက်လှမ်းမီနိုင်သည့် အခွင့်အလမ်းများပေးရန်အတွက် ဒေသန္တရအခြေအနေများနှင့် လိုက်လျော ညီထွေဖြစ်စေရန် ပြောင်းလဲနိုင်သော သင်တန်းများမှတစ်ဆင့် အသက်မွေးဝမ်းကျောင်း စွမ်းရည်များ လေ့ကျင့်သင်ကြားပေးခြင်း။
- အသက်မွေးဝမ်းကျောင်း သင်တန်း စင်တာများ၊ ဒီဂျစ်တယ်၊ မိုဘိုင်း၊ လုပ်ငန်းခွင်နှင့် ရေတိုအလုပ်အပါအဝင် အမျိုးမျိုးသော နည်းလမ်းများဖြင့် ပိုမိုကျယ်ပြန့်သော လက်လှမ်းမီမှုရရှိမှုကို သေချာစေရေး။
- အမျိုးသားများသာ သို့မဟုတ် အမျိုးသမီးများသာ လုပ်ရမည်ဟု သတ်မှတ်ထားကြသော အလုပ်အကိုင်များ [သာမက အသက်မွေးဝမ်းကျောင်း သင်တန်းစင်တာများလည်း အပါအဝင်] နှင့် စပ်လျဉ်းသည့် လူမှုစံနှုန်းများကို ပြောင်းလဲခြင်း။
- သက်မွေးဝမ်းကျောင်းသင်တန်းများအား ဈေးကွက်ကွင်းဆက် ဆန်းစစ်ချက်နှင့် ချိတ်ဆက် ပေးခြင်းအားဖြင့် သင်တန်းသည် ရရှိနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဆက်စပ်မှုရှိပြီး လူငယ်များ အလွယ်တကူ လက်လှမ်းမီနိုင်စေခြင်း။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရေးကို အမျိုးသားသင်ရိုးညွှန်းတမ်း / ကျောင်းအစီအစဉ်များတွင် ထည့်သွင်းခြင်း။ လက်ရှိလုပ်ဆောင်နေသော အငယ်စားစမ်းသပ်မှုများအပေါ် အခြေခံ၍ ပမာဏတိုးချဲ့ဆောင်ရွက်ခြင်း။
- နိုင်ငံတော်အဆင့် စံသတ်မှတ်ချက်များကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ခြင်းကို ဆောင်ရွက်မရပါက ပညာရေးဆိုင်ရာ ပဋိပက္ခဖြစ်စေသော အကြောင်းတရား ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းခြင်း (ဥပမာ - မိခင်ဘာသာစကားဖြင့် ပညာသင်ယူခြင်း)။

- စာသင်ကျောင်းစနစ်များနှင့် ပညာရေးဝန်ဆောင်မှုပေးသူများအပြင် ပညာရေးနှင့် တွဲဖက်နေသော စနစ်များ၏ ဒဏ်ခံနိုင်ရည်ကို မြှင့်တင်ခြင်း။
- ပညာရေးစနစ်အတွင်းရှိ ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု။
- ဒီဂျစ်တယ်ဆိုင်ရာ တတ်မြောက်မှုစွမ်းရည်ကို ပညာရေးတွင် ထည့်သွင်းခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- ဤကာလအတွင်း လုံခြုံသောကျောင်းများအဖြစ် သတ်မှတ်ကြေညာရန် အစိုးရအား ဥရောပသမဂ္ဂ၏ စည်းရုံးလှုံ့ဆော်မှုကို ဆက်လက်လုပ်ဆောင်ခြင်း။
- ပညာရေးကဏ္ဍကို လက်ရှိပေးနေသော ပံ့ပိုးမှုအား ဆက်လက်ပေးခြင်းနှင့် ကျား/မ ရေးရာများကို အစဉ်တစိုက် အလေးထားသည့် အလေ့အထတည်ဆောက်ခြင်းအား ထိုပံ့ပိုးမှု၏ အခရာအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း။
- အသက်မွေးဝမ်းကျောင်းစွမ်းရည် လေ့ကျင့်သင်ကြားပေးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်းအတွက် ရေရှည်အထောက်အပံ့ပေးခြင်း၊ အထူးသဖြင့် အမျိုးသမီးများ ဦးဆောင်သော အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိစေရန် ဆောင်ရွက်ပေးခြင်း။

## ၅.၆ အလုပ်အကိုင်

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- အထူးသဖြင့် စံသတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားပေးနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ လက်လှမ်းမမီနိုင်သည့်အပြင် မူးယစ်ဆေးဝါးရောင်းဝယ်သူများ သို့မဟုတ် အစွန်းရောက်အဖွဲ့ဝင်များ ဖြစ်လာစေရန် ဖြားယောင်းခံရနိုင်သည့် ထိခိုက်လွယ်သော လူငယ်များအတွက် ကောင်းမွန်သော အလုပ်အကိုင်များ ပေးအပ်ခြင်းဖြင့် ကိုဗစ်-၁၉ ကြောင့် ပိုမိုကြီးမားလာသည့် အလုပ်လက်မဲ့ပြဿနာသာမက လတ်တလောနှင့် အနာဂတ်အတွက် အလုပ်အကိုင်ဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းခြင်း။ အွန်လိုင်းသင်ယူမှုကို ဤအုပ်စုများထံ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံရောက်ရှိနိုင်သည့် နည်းလမ်းတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားခြင်း။
- အလုပ်သမားဈေးကွက်တွင် အမှန်တကယ် လိုအပ်နေသည်များကို ဖြည့်ဆည်းပေးနိုင်သော အသက်မွေးဝမ်းကျောင်း လေ့ကျင့်သင်ကြားပေးခြင်းနှင့် စွမ်းရည်တည်ဆောက်ခြင်းများ လိုအပ်ခြင်းကို ကိုင်တွယ်စီမံခြင်း။
- ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းလုပ်သားများကိုသာမက အလွတ်သဘော လုပ်ငန်းကဏ္ဍမှ အလုပ်သမားများကို ထောက်ပံ့ခြင်း။ (ရွှေ့ပြောင်းလုပ်သားများ အပါအဝင်) လုပ်သားများ၊ အထူးသဖြင့်

ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းလုပ်သားများနှင့် ဒုက္ခသည်များ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုအမျိုးမျိုးကို အသိအမှတ်ပြုခြင်း။
- အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရာတွင် ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍကို အသုံးချခြင်း နှင့် ဝန်ဆောင်မှုပေးရာတွင် စီးပွားရေးအသိုင်းအဝန်းကို ပါဝင်စေခြင်း။
- ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှု သက်သက်သာမဟုတ်ဘဲ ဆင်းရဲနွမ်းပါးမှုနှင့် တန်းတူမညီမျှမှု လျှော့ချရေးကို တိုက်ရိုက်အထောက်အကူပြုသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဈေးကွက်များသို့ လက်လှမ်းမီမှုကို အားပေးမြှင့်တင်ခြင်း။ ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်နိုင်ကြစေရန်အတွက် အထူးစီစဉ်ထားသည့် ချဉ်းကပ်နည်းလမ်းများ လိုအပ်သည်။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- လုပ်ငန်းခွင်တွင် လက်တွေ့လေ့ကျင့်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရေးအား ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း အပါအဝင် သင်ခန်းစာနှင့်လက်တွေ့ကို ပေါင်းစပ်သင်ကြားခြင်း နှင့် စာသင်ခန်းနှင့်အွန်လိုင်းကို ပေါင်းစပ်သင်ကြားခြင်းတို့ကဲ့သို့သော ကွဲပြားသည့် အသက်မွေးဝမ်းကျောင်းစွမ်းရည် လေ့ကျင့်သင်ကြားပေးမှုပုံစံများ အသုံးပြုလာစေရန် အားပေးမြှင့်တင်ခြင်း။

## ၆။ ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စီမံကိန်းအကြို တိုင်ပင်ဆွေးနွေးခြင်းများ - ရွှေ့ပြောင်းနေထိုင်ခြင်း

### ၆. ၁ တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် အတင်းအကျပ် ရွှေ့ပြောင်းစေခြင်းတို့၏ ဇာစ်မြစ်များ

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- မူးယစ်ဆေးဝါးကို စီမံအုပ်ချုပ်မှု၊ လုံခြုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှု စသည်တို့ပေါ်တွင် အကျိုးသက်ရောက်မှုရှိသော လုံခြုံမှုမရှိခြင်းနှင့် ရွှေ့ပြောင်းနေထိုင်ခြင်းအပါအဝင် အခြားသောပြဿနာများစွာ၏ ဇာစ်မြစ်အဖြစ် သတ်မှတ်၍ ကိုင်တွယ်ဖြေရှင်းခြင်း။ ဥပမာ ရှမ်းပြည်နယ်တွင် ရွှေ့ပြောင်းနေထိုင်သူများသည် အတင်းအဓမ္မ လုပ်သားစုဆောင်းခြင်းကို ကြောက်ရသည် သို့မဟုတ် မူးယစ်ဆေးဝါးကိစ္စရပ်များတွင် ပါလာမည့်အရေးကို စိုးရိမ်ကြရသည်။
- ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် မဲပေးခွင့်နှင့် ပညာသင်ကြားခွင့် ဆုံးရှုံးသွားသောအချက်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အစိုးရမူဝါဒချမှတ်ခြင်း။
- လူများသည် လုံခြုံမှုရှိသည်ဟု ၎င်းတို့ယူဆသော နေရာများသို့ ပြန်လာကြမည်ဖြစ်သောကြောင့် ရွှေ့ပြောင်းနေထိုင်မှုကိစ္စရပ်များတွင် ဒေသန္တရအာဏာပိုင်များနှင့် အကျိုးသက်ဆိုင်သူများ အမျိုးမျိုးကို

ပါဝင်စေခြင်း။ နယ်မြေများစွာတွင် လက်နက်ကိုင်အဖွဲ့များအကြား ပဋိပက္ခများဖြစ်ပွားနေခြင်းကြောင့် ဤပြဿနာကို အစိုးရတစ်ဦးတည်းမှ ကိုင်တွယ်ရုံဖြင့် မဖြေရှင်းနိုင်ပါ။

- အတင်းအကျပ် ရွှေ့ပြောင်းစေခြင်း အရေးကိစ္စအား အားလုံးအကျုံးဝင်ပါဝင်သော ဒီမိုကရေစီနှင့် ပွင့်လင်းမြင်သာမှုမှတစ်ဆင့် ကိုင်တွယ်ဖြေရှင်းခြင်း။ အထူးသဖြင့် ရိုဟင်ဂျာအရေးကိစ္စကို ဖြစ်သည်။ ၎င်းတို့အနေဖြင့် တရားမဝင် ဝင်ရောက်ခဲ့သည်မှာ ဖြစ်နိုင်သော်လည်း ထိုဒေသတွင် ဤမျှ ကာလကြာရှည်စွာ ရှိနေခဲ့ခြင်းကြောင့် ၎င်းတို့သည် ဤဒေသနှင့်သက်ဆိုင်သူများဖြစ်သည်ဟု အသိအမှတ်ပြုပေးပြီး အစိုးရအနေဖြင့်လည်း ဤအရေးတွင် နှုတ်ဆိတ်မနေသင့်ပေ။
- ရခိုင်နှင့် ကချင်ပြည်နယ်မှ နေရပ်စွန့်ခွာတိမ်းရှောင်သူ (IDP) များ၏ လူ့အခွင့်အရေးကို လေးစား ကာကွယ်ပေးခြင်းအပြင် ၎င်းတို့၏ ရှင်သန်ရပ်တည်ရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အစိုးရ၏ ပံ့ပိုးမှု။
- နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ရွှေ့ပြောင်းလုပ်သားများ နေရပ်ပြန်ရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မိုင်းအန္တရာယ်နှင့် မြေမြှုပ်မိုင်းများကို ဖယ်ရှားခြင်း။
- ပဋိပက္ခဖြစ်နေသော အဖွဲ့အစည်းများ (အစိုးရနှင့် EAO များ)၊ အထူးသဖြင့် ကချင်ပြည်နယ်မှ အဖွဲ့အစည်းများအနေဖြင့် IDP များ နေရပ်ပြန်နိုင်ရန်အတွက် လုံခြုံသောပတ်ဝန်းကျင်ကို ဖန်တီးပေးရန်နှင့် ဤနေရပ်ပြန်ခြင်းကို စီစဉ်ရာတွင် နေရပ်ပြန်သူများ၏ သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားရန် တာဝန်ရှိသည်ဟု လက်ခံသဘောပေါက်ခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများသာမက အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ပါ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် ကူညီခြင်း။

## ၆.၂ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ရေရှည်တည်တံ့နိုင်သော ဖြေရှင်းချက်

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် နေရပ်စွန့်ခွာတိမ်းရှောင်ရခြင်း၏ ဇာစ်မြစ်များကို ကိုင်တွယ်ဖြေရှင်းခြင်း - လူအများအပြားသည် စီမံအုပ်ချုပ်ရေး အလွန်ညံ့ဖျင်းသော ဒေသများသို့ နေရပ်ပြန်/ ပြောင်းရွှေ့နေထိုင်ကြသည်။ ထို့ကြောင့် ဒဏ်ခံနိုင်ရည်ရှိမှုနှင့် အသက်မွေးဝမ်းကျောင်းမှုတို့ကို အောက်ခြေအဆင့်မှအထက်သို့ ချဉ်းကပ်နည်းနှင့် ချိတ်ဆက်ရန် လိုအပ်သည်။ ထိုင်းစခန်းများမှ ပြန်လာကြသူအများစုသည် KNU လက်အောက်ခံဒေသများသို့ နေရပ်ပြန်ကြပြီး ထိုနေရာများသည်

ယခင်တည်းကပင် ဆင်းရဲနွမ်းပါးသည့် နေရာများဖြစ်သည်။ ချဉ်းကပ်နည်းသည် အထက်မှ အောက်ခြေအဆင့်သို့ ညွှန်ကြားခြင်း မဟုတ်ဘဲ ဒေသနယ်မြေအလိုက်၊ ကျေးရွာအလိုက် ကွဲပြားသည့် သီးခြားချဉ်းကပ်မှုမျိုးဖြစ်ရန် လိုအပ်သည်။

- ပြဿနာဖြေရှင်းနည်းများ ဖန်တီးခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် (ရပ်ရွာအသိုက်အဝန်းနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ ပါဝင်သော) အားလုံးအကျုံးဝင်ပါဝင်သည့် ချဉ်းကပ်နည်းလမ်းတစ်ရပ်ကို ရေးဆွဲချမှတ်ခြင်းနှင့် ပါဝင်ပတ်သက်နေသော အဖွဲ့များ၏ တာဝန်ခံမှုကို တိုးမြှင့်စေသောစနစ်တစ်ခု ထားရှိခြင်း။
- IDP များအနေဖြင့် မိမိတို့နှစ်သက်သော ဖြေရှင်းနည်းများကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်ရန် ပါဝင်စေခြင်း နှင့် ဇာစ်မြစ်များအား ဖြေရှင်းရာတွင် ပဋိပက္ခ၏ ထိရှလွယ်ခြင်းကို ထည့်သွင်းစဉ်းစားဆောင်ရွက်သည့် နည်းလမ်း အသုံးပြုကာ ဖြေရှင်းခြင်း အပါအဝင် အမျိုးမျိုးသော IDP များ၊ အကျိုးသက်ဆိုင်သူများနှင့် အစိုးရ၏ စုပေါင်းလုပ်ဆောင်မှုကို တိုးမြှင့်ပေးသည့် 'ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ ပံ့ပိုးမှု' ကို အဆင့်တိုင်း၌ ဖန်တီးထားရှိခြင်း။
- နေရပ်ပြန်သူများအတွက် မူလနေရပ်တွင် ပြန်လည်အခြေချရပ်တည်နိုင်စေမည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်။ ဆိုလိုသည်မှာ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ သဘောထားအသံများကို ကြားရနိုင်သည့် လူထုအခြေပြုနှင့် ဒီမိုကရေစီဆိုင်ရာ နေရာတစ်ခု ဖန်တီးပေးရမည်။ စွမ်းရည်များကို အသိအမှတ်ပြုခြင်း၊ အတွေ့အကြုံကို အသိအမှတ်ပြုခြင်း နှင့် ယေဘုယျအားဖြင့် ရေရှည်တည်တံ့နိုင်သော အသက်မွေးဝမ်းကျောင်းမှုကို တည်ဆောက်ရန် လိုအပ်သည့် ရေခံမြေခံရှိသော စီးပွားရေးဝန်းကျင်တစ်ခု လိုအပ်သည်။
- သဘာဝသယံဇာတများကို ထိခိုက်စေခြင်းကြောင့် အနာဂတ်တွင် ဆင်းရဲနွမ်းပါးမှုကို ပိုမိုဆိုးရွားစေခြင်းမရှိဘဲ မြေယာနှင့် စိုက်ပျိုးရေးအတွက် ခွဲဝေချထားပေးရန် သင့်လျော်သော မြေနေရာများအား ဖော်ထုတ်နိုင်ရန် EAO များကို မြေအသုံးချမှု အစီအစဉ်ရေးဆွဲခြင်းတွင် အကူအညီပေးခြင်း။
- လူမှုစည်းလုံးညီညွတ်မှုကို နေရပ်ပြန်လာသူများနှင့် နေရပ်စွန့်ခွာသူများအပေါ် ထားရှိသော သဘောထားများနှင့် ပြုမူပုံများကို လေ့လာခြင်း/ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ဆက်စပ်ရှုမြင်ကာ အပြန်အလှန်ဆက်သွယ်ပြောဆိုမှု ရှိလာစေမည့် ဖြေရှင်းနည်းများကို အားပေးမြှင့်တင်ရာတွင် ဆက်သွယ်ပြန်ကြားရေးကို အဓိကအခန်းကဏ္ဍမှ ပါဝင်စေခြင်း၊ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ သဘောထားအသံများကို ကြားနိုင်ကြောင်း သေချာစေခြင်း၊ နေရပ်စွန့်ခွာသူများ၏ လူ့အခွင့်အရေးကို

အသိအမှတ်ပြုခြင်းနှင့် အများပြည်သူ ပါဝင်ဆွေးနွေးနိုင်သော နေရာများတွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးမှုများ စီစဉ်ဆောင်ရွက်ခြင်း။

- ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အတားအဆီးများကို ခွဲခြားဖော်ထုတ်ခြင်း - နိုင်ငံသားဖြစ်မှု၊ အဆင့်အတန်း၊ အခြေခံဝန်ဆောင်မှုများကို ရယူနိုင်ခြင်း၊ လူမှုစည်းလုံးညီညွတ်မှု၊ ဒေသခံ အသိုက်အဝန်းများနှင့် ယှဉ်တွဲနေထိုင်ရာတွင်၊ ပူးတွဲအလုပ်လုပ်ရာတွင် ဆက်ဆံရေးတင်းမာမှုများ ရှိခြင်း။ သီးသန့်ခွဲခြားမှုနှင့် ဖြစ်တည်မှုအခြေပြု ကဲ့ရဲ့ရှုတ်ချခြင်းတို့ကို ဖြေရှင်းရန် လိုအပ်သည်။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- နေရပ်ပြန်ရေး/ပြန်လည်နေရာချထားရေး စီမံကိန်းများအား မည်သို့ငွေကြေးထောက်ပံ့မည်ကို ကိုင်တွယ်ဖြေရှင်းခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲသည့် ဖြေရှင်းချက်များအကြား ဆက်နွယ်မှုများကို လေ့လာခြင်း - နေရပ်စွန့်ခွာတိမ်းရှောင်ခြင်း၏ သံသရာသဘာဝကို သတိချပ်ပါ။ အစီအစဉ် ချမှတ်ရေးဆွဲရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ECHO အောက်တွင်သာ သီးသန့်ထားရှိခြင်း မရှိကြောင်း နှင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် အသိုက်အဝန်းများပါ ပူးပေါင်းပါဝင်ကြောင်း သေချာစေပါ။ ရပ်ရွာအသိုက်အဝန်းအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် ဒေသန္တရခေါင်းဆောင်များကို ငြိမ်းချမ်းရေးညှိနှိုင်းမှုများတွင် ပါဝင်စေရန် စွမ်းဆောင်ရည် မြှင့်တင်ပေးပါ။
- ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် နေရပ်စွန့်ခွာရခြင်း၏ ဇာစ်မြစ်များကို ဖြေရှင်းပေးသည့် ရေရှည်တည်တံ့ခိုင်မြဲသော ဖြေရှင်းနည်းများကို ဖော်ထုတ်ရာတွင် တာဝန်ခံမှုရှိသော စနစ်တစ်ခု ထားရှိရန် ထောက်ခံလှုံ့ဆော်ခြင်း။

## ၆.၃ ရွှေ့ပြောင်းနေထိုင်မှု စီမံခန့်ခွဲခြင်း (နယ်စပ်များ၊ ပြန်လည်ဝင်ရောက်မှုများ၊ တရားဝင်လမ်းကြောင်းများ အပါအဝင်)

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ရွှေ့ပြောင်းနေထိုင်မှု စီမံခန့်ခွဲရာတွင် နေရပ်ပြန်လာသူများအတွက် မြေယာရယူခြင်း၊ ဆက်စပ်နေသော မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များ၊ တရားဝင် စာရွက်စာတမ်းများနှင့် စိုက်ပျိုးရေးအတွက်

မြေယာပိုင်ဆိုင်ခွင့်များ စသည့် ကိစ္စရပ်များ ဆောင်ရွက်ရခြင်း၏ အကျိုးရလဒ်အဖြစ် ပဋိပက္ခဖြစ်ပွားမှု မရှိလာစေရန် အထူးဂရုပြုခြင်း။ နေရပ်ပြန်လာသူများအတွက် အလုပ်ခန့်အပ်ခံရနိုင်မှုကို တိုးမြှင့်ပေးရန် စွမ်းရည်များနှင့် ပညာ သင်ကြားပေးခြင်းသည် အရေးကြီးသည်။

- ရွှေ့ပြောင်းနေထိုင်မှု စီမံခန့်ခွဲခြင်းသည် ပဋိပက္ခဖြစ်စေသည့် အဓိက အကြောင်းတရားတစ်ခု ဖြစ်သည်။ မြေယာအသုံးချခွင့်နှင့် မြေယာနှင့်စိုက်ပျိုးရေးသင်တန်းများ တက်ရောက်နိုင်ခွင့်တို့ကို မှတ်ပုံတင်ထားမှသာ ပြီးစီးရရှိနိုင်ပြီး မှတ်ပုံတင်ရာတွင် တရားဝင် စာရွက်စာတမ်းများနှင့် စိုက်ပျိုးခြင်းအတွက် မြေကွက်များရပိုင်ခွင့် စသည်တို့လည်း ဆက်စပ်ပါဝင်နေသည်။
- အခြားနိုင်ငံများနှင့် မိမိနိုင်ငံအတွင်းရှိ မတူညီသော အုပ်စုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းနည်းများ ကွဲပြားခြားနားခြင်း။
- ရွှေ့ပြောင်းနေထိုင်မှုကို အခက်အခဲ/ အန္တရာယ်အဖြစ်သာ မဟုတ်ဘဲ အသက်မွေးဝမ်းကျောင်း ရွေးချယ်မှု /အခွင့်အလမ်းအဖြစ် ရှုမြင်စေပြီး ပိုမိုလုံခြုံစိတ်ချရသော ရွှေ့ပြောင်းနေထိုင်မှုကို ရရှိစေခြင်း။ ရွှေ့ပြောင်းနေထိုင်ရန်အတွက် မူလနေရပ်တွင် ကြိုတင်ပြင်ဆင်ခြင်း၊ စွမ်းရည်များ လေ့ကျင့်သင်ယူခြင်း၊ ဥပဒေရေးရာ တိုင်ပင်ဆွေးနွေးခြင်း၊ နေရပ်ပြန်လာသည့် ရွှေ့ပြောင်းနေထိုင်သူများအား လူမှု-စိတ်ပိုင်းဆိုင်ရာ ဆွေးနွေးတိုင်ပင်အကြံပေးခြင်း စသည်တို့ ထောက်ပံ့ပေးပြီး နောက်ဆုံးတွင် ဖြစ်နိုင်လျှင် ရွှေ့ပြောင်းနေထိုင်ခြင်းအစား အခြားနည်းလမ်းများကို ပြောင်းလဲစဉ်းစားရန် အကြံပေးခြင်း။
- IDP များ နှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ ပမာဏအတိုင်းအတာ နှင့် မြန်မာနိုင်ငံက လိုက်နာရန် တာဝန်ရှိသော နိုင်ငံတကာဥပဒေမူဘောင်နှင့် ပတ်သက်သော အသိအမြင်ကို မီဒီယာပေါင်းစုံကို အသုံးချသော ချဉ်းကပ်နည်းလမ်းများမှတစ်ဆင့် မြှင့်တင်ခြင်း၊ တာဝန်ခံမှု ယန္တရားများ ရေးဆွဲချမှတ်ရေးနှင့် ဤပြဿနာအပေါ် မြန်မာပြည်သူများ၏ ပါဝင်ပတ်သက်မှုကို အားပေးထောက်ခံခြင်း။
- ရွှေ့ပြောင်းနေထိုင်ရာတွင် သိသင့်သိထိုက်သည်များကို သိရှိထားပြီး လုံခြုံဘေးကင်းစွာ ရွှေ့ပြောင်းနေထိုင်နိုင်ရန်အတွက် သတင်းအချက်အလက်များအား လက်လှမ်းမီရရှိမှုကို သေချာစေခြင်း။ သမားရိုးကျမီဒီယာများနှင့် CSO များကို သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်းဖြင့် ယင်းတို့သည် လူအများလက်လှမ်းမီနိုင်သော သတင်းအချက်အလက်ပါဝင်သည့် အကြောင်းအရာ ဖန်တီးမှုများကို ထုတ်ပြန်ပေးနိုင်သည်။

- နေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ ဒုက္ခသည်များ၊ အိမ်အကူများနှင့် လိင်လုပ်သားများကဲ့သို့သော အမိကအုပ်စုများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းအား အမျိုးသားဆက်သွယ်ရေး လှုပ်ရှားမှုများမှတစ်ဆင့် စိန်ခေါ်တိုက်ဖျက်ခြင်း။
- ရွှေ့ပြောင်းနေထိုင်ရာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိတ်လန့်ခြင်းနှင့် စိတ်ဖိစီးခြင်းစသည့် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်း။ နာဂစ်မုန်တိုင်းအပြီးတွင် မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်သို့ ရွှေ့ပြောင်းနေထိုင်မှုသည် ထိတ်လန့်ခြင်းနှင့် ဆက်စပ်သော ရွှေ့ပြောင်းမှုဖြစ်ပြီး အပူပိုင်းဇုန်မှ ရွှေ့ပြောင်းနေထိုင်ခြင်းသည် ရာသီဥတု ပြောင်းလဲမှုနှေးကွေးခြင်းကြောင့် စိတ်ဖိစီးမှုနှင့် ဆက်စပ်သော ရွှေ့ပြောင်းမှုဖြစ်သည်။
- အလုပ်လုပ်ကိုင်ရန် ရွှေ့ပြောင်းနေထိုင်မှုကြောင့် ကျန်ရစ်ခဲ့သူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း။ ဥပမာအားဖြင့် မြေးများကို ပြုစုစောင့်ရှောက်သူများ ဖြစ်လာသည့် အဘိုးအဘွားများအတွက် စိတ်ဖိစီးမှုများ ဖြစ်လာခြင်း။
- ကဏ္ဍအသီးသီး၏ တိုးတက်မှုများကို အကဲဖြတ်ရန်အတွက် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ အချက်အလက်မရှိခြင်းကို ဖြေရှင်းခြင်း။
- ကိုဗစ်-၁၉ ကာလအတွင်း အရေးပေါ်တုံ့ပြန်မှုကော်မတီများသည် နေရပ်ပြန်လာသည့် ရွှေ့ပြောင်းနေထိုင်သူများ/ စောင့်ကြပ်ကြည့်ရှုရေးစင်တာများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ကြောင်း ပြသခဲ့သဖြင့် ရွှေ့ပြောင်းနေထိုင်ခြင်းကို စီမံခန့်ခွဲရန် ဒေသအဆင့် စွမ်းဆောင်ရည်များ၊ စီမံအုပ်ချုပ်မှု၊ နိုင်ငံသားအုပ်စုများ၊ CSO များ၊ စီးပွားရေးအုပ်စုများ ဖော်ဆောင်ခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- ပြည်ပမှပြန်လာသည့် အလုပ်သမားများနှင့် အများပြည်သူအကြား လူမှုရေးအတားအဆီးများ လျှော့ချရေးအတွက် ကူညီခြင်းများအပါအဝင် ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ မူဝါဒများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း။
- မှတ်ပုံတင်ကဒ်ပြားကို စမတ်ကဒ်အဖြစ် ပြောင်းလဲခြင်းအပြင် ပုဂ္ဂလ ID စာရွက်စာတမ်းများကိုလည်း ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း
- မြို့ပြနေရာများတွင် နေထိုင်ရန်ခက်ခဲသော အခြေအနေကို တွန်းလှန်နိုင်ရန် ရွှေ့ပြောင်း နေထိုင်သူများအတွက် အခြေခံအဆောက်အအုံ ပြင်ဆင်တည်ဆောက်ပေးခြင်းအပြင် သန့်ရှင်းရေး/ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတို့ကိုပါ တိုးမြှင့်ပေးခြင်း။

## ၇။ ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စီမံကိန်းအကြံ တိုင်ပင်ဆွေးနွေးခြင်းများ - ဒီဂျစ်တယ်နှင့် ဒေတာနည်းပညာများ

### ၇.၁ အီလက်ထရောနစ်စနစ်သုံး စီမံအုပ်ချုပ်မှု

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- တစ်နိုင်ငံလုံး လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများ လက်လှမ်းမီရှိနိုင်ရန် ပံ့ပိုးပေးခြင်းဖြင့် အီလက်ထရောနစ်စနစ်သုံး စီမံအုပ်ချုပ်မှု ဖြစ်ပေါ်လာမည့် အလားအလာကို အားဖြည့်ခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- အီလက်ထရောစနစ်သုံး စိုက်ပျိုးရေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI)၏ အားနည်းနေသည့် တိုးချဲ့ပညာပေး ဝန်ဆောင်မှုများကို အားဖြည့်ပေးရန် ရည်ရွယ်၍ ITC ကို အသုံးပြုခြင်းနှင့် ဆန်းသစ်တီထွင်မှုကို အားပေးအားမြှောက်ပြုခြင်းအားဖြင့် "ဒီဂျစ်တယ် ခွဲခြားမှု" ကိုလျှော့ပါးစေခြင်း။
- အီလက်ထရောနစ်စနစ်သုံး စီမံအုပ်ချုပ်မှုကို အများပြည်သူဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် နှင့် ဒေသန္တရအဆင့် အားကောင်းလာစေရန်အတွက် မဟာဗျူဟာတစ်ရပ်အဖြစ် အသုံးချခြင်း။ အခွန်စနစ်များတွင် တိတိပပ ရေးဆွဲချမှတ်ထားသော စနစ်များ / ဒေတာများမရှိသောကြောင့် ၎င်းတို့ကို တိကျပြတ်သားသည့် အချက်အလက်မရှိသော စနစ်အဖြစ် သတ်မှတ်သည်။ ဒေသန္တရအဆင့်တွင် အသုံးပြုနိုင်သည့် စနစ်များကို ဒီဂျစ်တယ်စနစ်သို့ပြောင်းလဲရန် အရေးကြီးသည်။
- ဥရောပသမဂ္ဂသည် အောက်ပါတို့တွင်လည်း ပံ့ပိုးနိုင်သည် -
  - ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံတို့၏ အကောင်အထည်ဖော်ဆောင်မှုကို စောင့်ကြည့်လေ့လာခြင်းသည် လူ့အခွင့်အရေးနှင့် ဒီဂျစ်တယ်အခွင့်အရေးအပေါ် သက်ရောက်မှုရှိစေရန်။
  - အများပြည်သူဝန်ဆောင်မှုများကို ပိုမိုလွယ်ကူစေရန်၊ အဆင်ပြေချောမွေ့စေရန် နှင့် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရန်အတွက် စီစဉ်ထားသည့်အတိုင်း ၂၀၂၇ ခုနှစ်တွင် အများပြည်သူဝန်ဆောင်မှုများအား ၁၀၀% ဒီဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း သေချာစေရန် ကူညီခြင်း။
- အီလက်ထရောနစ်စနစ်သုံး စီမံအုပ်ချုပ်မှုနှင့် အီလက်ထရောနစ် ID အတွက် ဥပဒေပြုရေးနှင့် မူဝါဒရေးဆွဲမှုအတွက် အကျိုးသက်ဆိုင်သူပေါင်းစုံပါဝင်သော တွေ့ဆုံဆွေးနွေးမှုများကို ပံ့ပိုးပေးခြင်း [အထက်တွင်ဖော်ပြထားသော ရွှေ့ပြောင်းနေထိုင်မှုအပိုင်းကို ကြည့်ပါ]။ ပြည်နယ်နှင့်

တိုင်းဒေသကြီးများရှိ စာရွက်စာတမ်းပြင်ဆင်ရခြင်း နှင့် အရင်းအမြစ်များ ဖြုန်းတီးမှုကို လျှော့ချနိုင်ရန်အတွက် အီလက်ထရောနစ်စနစ်သုံး စီမံအုပ်ချုပ်မှုသို့ ကူးပြောင်းခြင်းနှင့် ဒီဂျစ်တယ်ပိုင်းဆိုင်ရာ တတ်ကျွမ်းမှုကိုထောက်ပံ့ခြင်း။

## ၇.၂ ဥပဒေရေးရာနှင့် စည်းမျဉ်းမူဘောင်များ

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- အခြားသော အခွင့်အရေးများအား ချိုးဖောက်ခြင်းကို တားဆီးကာကွယ်ရန်အတွက် ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းဆိုင်ရာ အမျိုးသားမူဘောင်တွင် ဒီဂျစ်တယ်စနစ်သို့ပြောင်းလဲခြင်းကို လူ့အခွင့်အရေးနှင့် ချိတ်ဆက်ပေးခြင်း။ ဥပမာအားဖြင့် လူများကို ခြေရာခံကာ ထောင်သွင်းအကျဉ်းချနိုင်ပြီး မတရားမှုနှင့် အကြမ်းဖက်မှု၏ သားကောင်များ ဖြစ်လာသည့်အတွက် ဒီဂျစ်တယ်အခွင့်အရေးများသည် လွတ်လပ်စွာပြောဆိုခွင့်နှင့်အတူ ကိုဗစ်-၁၉ ကာလအတွင်း ပြဿနာတစ်ခု ဖြစ်လာခဲ့သည်။ ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များဖြစ်သည့် နိုင်ငံသားများကို စောင့်ကြည့်(နိုင်)ခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို သိရှိနိုင်ခြင်း နှင့် ဤကဲ့သို့ စောင့်ကြည့်သိရှိနိုင်ခြင်းသည် လှုပ်ရှားတက်ကြွသူများ၊ လှုပ်ရှားတက်ကြွရေးဝါဒ နှင့် နိုင်ငံသားအခွင့်ကဏ္ဍတို့အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်ကြောင်းကို ခွဲခြမ်းစိတ်ဖြာခြင်း။
- မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသော ဥရောပကုမ္ပဏီများသည် လွတ်လပ်စွာပြောဆိုခွင့်အပေါ် အစိုးရ၏ ကန့်သတ်ချက်များကို လိုက်နာခြင်းရှိ၊မရှိကိုလည်း စဉ်းစားသင့်သည်။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- အခြားအရာများအနက် စည်းမျဉ်းဥပဒေ ပြုပြင်ပြောင်းလဲမှုများကို အစပြုခြင်း။
- ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ ယူနက်စကို၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံအဖွဲ့ (UNCTAD)၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး အဖွဲ့ချုပ် (ITU)၊ ကုလသမဂ္ဂ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (UNIDO)၊ ကမ္ဘာ့ဘဏ်၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ)နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) စီးပွားရေးလုပ်ငန်းကဏ္ဍတို့အကြား စုပေါင်းဆောင်ရွက်မှုများအတွက် အကျိုးသက်ဆိုင်သူပေါင်းစုံပါဝင်သော ဆွေးနွေးမှုများကို ဦးဆောင်စတင်ခြင်း။
- အချက်အလက်များ ကာကွယ်ခြင်းနှင့် လုံခြုံရေးအတွက် အထွေထွေဒေတာ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း (GDPR) နှင့် ဘူဒါပက်စ် သဘောတူညီမှုစာချုပ် (Budapest Convention) စသည်တို့ကို အသုံးချသော ဥရောပသမဂ္ဂ၏ ချဉ်းကပ်နည်းလမ်းကို အားပေးမြှင့်တင်ခြင်း။

- ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်၏ ပဏာမစီမံချက်များနှင့် Freedom Online ညွန့်ပေါင်းမှု အခြေခံမူများကို လိုက်နာရန် မြန်မာနိုင်ငံကို တိုက်တွန်းအားပေးခြင်း။
- နိုင်ငံအား ဒီဂျစ်တယ်စနစ်သို့ပြောင်းလဲခြင်းနှင့် ပတ်သက်၍ အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန (MOTC)၊ ကုန်သွယ်ရေး ဦးစီးဌာန (MOC) နှင့် အခြား နိုင်ငံတော်အဖွဲ့အစည်းများကို ပါဝင်စေခြင်း နှင့် ICT ကဏ္ဍတွင် နိုင်ငံရေးစိတ်စေတနာကို ထည့်သွင်းဆောင်ရွက်ရန် အားပေးရန်။
- ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများ၊ ပုဂ္ဂလိကအချက်အလက် ကာကွယ်ရေးဥပဒေများနှင့် ပတ်သက်သည့် ဥပဒေရေးရာနှင့် စည်းမျဉ်းမူဘောင်များကို လေ့လာခြင်း၊ ဆိုက်ဘာလုံခြုံရေး၊ ဒေတာကာကွယ်မှု၊ အုပ်စုခွဲခြင်း အစရှိသည်တို့နှင့် ပတ်သက်သည့် ဥပဒေများကို ရေးဆွဲခြင်း/ပြင်ဆင်မွမ်းမံခြင်း။

## ၇.၃ အွန်လိုင်းမှတစ်ဆင့် သင်ယူခြင်း

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- အွန်လိုင်းမှတစ်ဆင့် သင်ယူခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများဖော်ထုတ်ခြင်း၊ ရပ်ရွာလူထုက ဦးဆောင်ထုတ်ပြန်သော မီဒီယာတစ်ခု ထားရှိနိုင်ရန်နှင့် ယင်းမီဒီယာတွင် ၎င်းတို့၏ သဘောထားအသံများကို ထည့်သွင်းဖော်ပြနိုင်စေရန် အခွင့်အလမ်းများ ဖော်ထုတ်ခြင်း။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း အွန်လိုင်းမှတစ်ဆင့် သင်ယူမှုသို့ ပြောင်းလဲရာတွင် ကျေးလက်ဒေသများမှ လက်လှမ်းမီနိုင်မှု အားနည်းနေကြောင်း တွေ့ရှိရသောကြောင့် ပညာရေး တန်းတူညီမျှ ရရှိနိုင်မှုကို မြှင့်တင်ရန်အတွက် ဒီဂျစ်တယ်ခွဲခြားမှုကို အစိုးရက ကိုင်တွယ်ဖြေရှင်းရာတွင် ထောက်ပံ့ကူညီခြင်း။
- ပုဂ္ဂလိက ကဏ္ဍနှင့် လက်တွဲခြင်း နှင့် ပညာရေးမဏ္ဍိုင်များမှတစ်ဆင့် ပညာရေးဝန်ကြီးဌာန သင်ရိုးညွှန်းတမ်းမှ အဝေးသင်ပညာရေးစနစ်ကို မြှင့်တင်ခြင်း။ ထိုသို့မြှင့်တင်ရာတွင် အရေးပါသည့်အချက်မှာ ဒီဂျစ်တယ်ဆိုင်ရာ တတ်မြောက်မှုနှင့် တစ်ကိုယ်ရေလွတ်လပ်ခွင့်တို့ကို အားပေးမြှင့်တင်ခြင်း ဖြစ်သည်။

## ၇.၄ ဒီဂျစ်တယ်ခွဲခြားမှုကို ပေါင်းကူးပေးခြင်း၊ ဒီဂျစ်တယ်နည်းပညာကို တန်းတူလက်လှမ်းမီ အသုံးပြုနိုင်စေခြင်း

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ဒီဂျစ်တယ်ခွဲခြားမှုကို ပေါင်းကူးပေးခြင်းနှင့် ကျား/မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်း၊ အထူးသဖြင့် ရောဂါဖြစ်ပွားမှု ကြာရှည်နိုင်သည့် အချိန်တွင် CSO များ၏ ဒီဂျစ်တယ်နည်းပညာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီဂျစ်တယ်ပိုင်းဆိုင်ရာ တတ်မြောက်မှု (အထူးသဖြင့် အမျိုးသမီးများအတွက်) ကို ထောက်ပံ့ခြင်း။ လျှပ်စစ်မီးမရှိခြင်း နှင့် တိုင်းရင်းသားဘာသာစကားကို အသုံးပြုထားသော မီဒီယာဖန်တီးမှုများ နည်းပါးခြင်းကြောင့် အမျိုးသမီးများနှင့် ကျေးလက်လူထုများသည် ဒီဂျစ်တယ် သတင်းအချက်အလက်များကို လက်လှမ်းမီရယူနိုင်ခြင်းတွင် အလွန်အမင်း နောက်ကောက်ကျ ကျန်ရစ်လျက် ရှိသည်။ ဤသည်ကို ဖြေရှင်းရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် Facebook အပြင် အခြားသော ပုံစံအသစ်များအား စမ်းသပ်အသုံးပြုခြင်းကို ထောက်ပံ့အားပေးရန် လိုအပ်သည်။
- မြန်ဆန်စွာပြောင်းလဲနေသော ဒီဂျစ်တယ်မီဒီယာ အခင်းအကျင်းနှင့် လိုက်လျောညီထွေ ပြောင်းလဲနိုင်သည့် စီးပွားရေးမော်ဒယ်များအား ဖန်တီးရန် သမားရိုးကျ မီဒီယာများကို ပံ့ပိုးပေးခြင်း။
- သတင်းအချက်အလက် ရယူခွင့်မရှိခြင်းနှင့် တင်းကျပ်သော မီဒီယာဝန်းကျင်ကို ကိုင်တွယ်ဖြေရှင်းခြင်း၊ ဒီဂျစ်တယ်စနစ်အသုံးချမှုများသည် အခြား လွတ်လပ်သော မီဒီယာလိုင်းများကို မထိခိုက်စေကြောင်း သေချာစေခြင်း။
- တန်းတူမညီမျှမှုကို ထပ်တိုးဖြစ်ပေါ်စေပြီး အမျိုးသမီးများ သတင်းအချက်အလက် လက်လှမ်းမီရယူခွင့်ကို ဟန့်တားနေသော ရခိုင်နှင့် ချင်းပြည်နယ်တို့တွင်သော်လည်းကောင်း၊ ဒေသတွင်းနှင့် ဝေးလံခေါင်သီသော ဒေသများတွင်သော်လည်းကောင်း အင်တာနက်အသုံးပြုခွင့် ကန့်သတ်ခြင်းများကို ကိုင်တွယ်ဖြေရှင်းခြင်း။
- ကျေးလက်ဒေသနှင့် ဒေသတွင်းနေရာများစွာတွင် လက်လှမ်းမီရရှိနိုင်သော လူထုရေဒီယို မရှိခြင်း။ ဒေသသုံးဘာသာစကားဖြင့် ထုတ်လွှင့်မှုများအတွက် ပံ့ပိုးပေးခြင်း၊ သတင်းအချက်အလက် မသိရှိရခြင်းကို ဖြည့်ဆည်းပေးခြင်း နှင့် ဒေသတွင်းလူထုကို ၎င်းတို့၏ သဘောထားအသံများ ဖော်ပြနိုင်စေရန် ပံ့ပိုးပေးခြင်း။
- လက်ရှိ မြန်မာနိုင်ငံတွင် လူဦးရေ (၂၄) သန်းသည် Facebook ကို အသုံးပြုကြပြီး မည်သည့် ဒီဂျစ်တယ် ဒေတာနည်းပညာတွင်မဆို ဈေးနှုန်းကြောင့် ဝယ်လိုအားပြောင်းလဲခြင်း နှင့် အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ ဆင်ခြင်ဝေဖန်မှုများ ရှိပါသည်။ အင်တာနက်၏ ဈေးနှုန်းချိုသာမှု၊ broadband နှင့် ဒေတာကို ကောင်းမွန်စွာ အသုံးပြုနိုင်စွမ်း နှင့် ICT ကိရိယာများအား လက်လှမ်းမီသုံးစွဲနိုင်ခွင့် အားလုံးကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- မသန်စွမ်းသူများကဲ့သို့သော ဖယ်ကြဉ်ခံထားရသည့် အုပ်စုများသည် နည်းပညာကို လက်လှမ်းမီ အသုံးပြုခွင့်ရရှိခြင်း နှင့် ICT ကဏ္ဍတွင် အမျိုးသမီးနှင့် မိန်းကလေးများ၏ အခန်းကဏ္ဍကို တိုးမြှင့်ခြင်းကို သေချာစေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများနှင့် မိတ်ဖက်ပြုခြင်း။
- တန်းတူညီမျှ လက်လှမ်းမီအသုံးပြုခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ တစ်ကိုယ်ရေလွတ်လပ်ခွင့် နှင့် အချက်အလက်ကာကွယ်ခွင့် စသည့် မရှိမဖြစ်သော လူ့အခွင့်အရေးဆိုင်ရာ လိုအပ်ချက်များအတွက် ဒီဂျစ်တယ်အခွင့်အရေးဖိုရမ်တွင် ပါဝင်ခြင်း (နှင့် ဒီဂျစ်တယ်အခွင့်အရေးများကို အထူးအလေးပေးခြင်း)။
- ဒီဂျစ်တယ်နည်းပညာကို တစ်နိုင်ငံလုံး တန်းတူညီမျှ လက်လှမ်းမီအသုံးပြုနိုင်ရန် ကိုင်တွယ်စီမံခြင်း။ အထူးသဖြင့် ရခိုင်တွင် အင်တာနက်ဖြတ်တောက်မှုကိစ္စကို ဖြေရှင်းခြင်း။

## ၈။ ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စီမံကိန်းအကြို တိုင်ပင်ဆွေးနွေးခြင်းများ - အခြားမှတ်ချက်များနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

### ၈.၁ လူမှုဝန်ဆောင်မှုများတွင် အားလုံးအကျုံးဝင်ပါဝင်မှုနှင့် တန်းတူညီမျှမှု

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- ကျန်းမာရေးဆိုင်ရာ ပညာပေး၊ ရေ /မိလ္လာစနစ်နှင့် အစားအစာရရှိမှု အပါအဝင် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ဖော်ဆောင်ခြင်း။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ရေ / မိလ္လာစနစ်အတွက် အာမခံလုပ်ဆောင်ပေးမှုများ မရှိခြင်းနှင့် WASH တွင် ပါဝင်သော အဓိကပြဿနာများကို မဖြေရှင်းပေးခြင်း။ အတူတကွ ကြိုးပမ်းအားထုတ်မှုမရှိလျှင် လူထု၏ကျန်းမာရေးနှင့် အခြားအဓိကကျသော ဘဝဆုံးဖြတ်ချက်ချမှုများကို ထိခိုက်စေလိမ့်မည်။
- လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များ ဖော်ဆောင်ရန်နှင့် မသန်စွမ်းသူများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် လူမှုကာကွယ်စောင့်ရှောက်မှုနှင့် ပါဝင်မှုကို ဦးစားပေးဆောင်ရွက်ခြင်း။
- အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုသည် စာရွက်ပေါ်တွင် အသွင်ပြောင်းနေသည့်တိုင် "လုပ်ပိုင်ခွင့် " ရှိသော နေရာများတွင် အမျိုးသမီးအရေအတွက် နည်းပါးခြင်းကို ဖြေရှင်းခြင်း။
- ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန်အတွက် မညီမျှမှု လျှော့ချခြင်းအား ဦးစားပေးဆောင်ရွက်ခြင်း။ ဤကိစ္စနှင့် စပ်လျဉ်း၍ အလွန်အမင်း တိုးတက်မှုရှိခဲ့ကြောင်း၊ သို့ရာတွင် မညီမျှမှု ကြီးမားသဖြင့် တိုင်းပြည်တစ်ဝန်းလုံးအနေအထားတွင် တိုးတက်မှုကို ခံစားရခြင်း မရှိကြောင်း၊ ဤအချက်သည် ပြည်သူတို့၏ ပါဝင်ဆောင်ရွက်လိုစိတ်၊ လူမှုပဋိညာဉ်နှင့် နိုင်ငံရေးတည်ငြိမ်မှုအပေါ် သက်ရောက်မှုရှိလိမ့်မည်ဖြစ်ကြောင်း Asia Barometer စစ်တမ်းက ဖော်ပြထားပါသည်။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- တန်းတူမညီမျှမှု နှင့် ပြည်သူတို့၏ လူမှုပဋိညာဉ်နှင့် နိုင်ငံရေးတည်ငြိမ်မှုတွင် ပါဝင်ဆောင်ရွက်လိုစိတ်ရှိခြင်းအပေါ် အကျိုးသက်ရောက်စေသည့် ယင်း၏ အခန်းကဏ္ဍအား ကိုင်တွယ်ဖြေရှင်းခြင်း။

## ၈.၂ ကျား၊ မ ရေးရာနှင့် အားလုံးအကျုံးဝင်ပါဝင်ခြင်း

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- လက်ခံထားကြသော အထွေထွေ စံနှုန်းများအား ပြောင်းလဲရန် အခွင့်အလမ်းများနှင့် ကျား၊ မရေးရာ အခြေပြု အကြမ်းဖက်မှု (GBV)/ အိမ်တွင်းအကြမ်းဖက်မှုများကို ဖြေရှင်းရန်အတွက် ကျား၊ မရေးရာနှင့် အမျိုးသမီးများအား အစီအစဉ်တကျ အလေးပေးခြင်း။ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုမရှိခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ကျား၊မရေးရာ ကိစ္စရပ်များကို အသေးစိတ်နက်ရှိုင်းစွာ ခွဲခြမ်းစိတ်ဖြာပြီး မဟာဗျူဟာကျ ဖွဲ့စည်းပုံဆိုင်ရာ ကြားဝင်ကူညီမှုများ ဆောင်ရွက်နိုင်ရန် လိုအပ်သော ကျား၊မရေးရာ များကို အစဉ်တစိုက် အလေးထားသည့် အလေ့အထ တည်ဆောက်ခြင်းကို အကြီးအကျယ် အဟန့်အတားဖြစ်စေသောကြောင့် ယင်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျား၊မရေးရာ တန်းတူညီမျှမှုကို သီးခြားကိစ္စရပ်တစ်ခုအဖြစ် ချဉ်းကပ်ဖြေရှင်းသင့်ပါသည်။
- ထိခိုက်လွယ်သော/တိုင်းရင်းသား အဖွဲ့အစည်းများကို ကမ်းလင့်ဖိတ်ခေါ်နိုင်ရန်အတွက် "ချန်လှပ်ထားခြင်း မရှိစေရ" မူဝါဒကို ထည့်သွင်းရန်။
- အမျိုးသားနှင့် အမျိုးသမီးအတွက်သာ စဉ်းစားခြင်းထက် LGBT ရပ်ဝန်းတစ်ခုလုံးရှိ ကျား၊မ ဖြစ်တည်မှုအားလုံးကို ထည့်သွင်းစဉ်းစားရန်။
- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ ၃၊ ၄၊ ၆ နှင့် အထူးသဖြင့် အခြေခံဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်မှုသည် ဆွေးနွေးမှုများအားလုံးတွင် ပါဝင်သည်။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- ဥရောပသမဂ္ဂ၏ စီမံကိန်းသစ်တွင် ကျား၊မ တန်းတူညီမျှမှုဆိုင်ရာ သီးခြားအစိတ်အပိုင်းတစ်ခု ပါရှိရန် လိုအပ်သည်။ CSO များအနေဖြင့် သီးခြား မဟာဗျူဟာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့တစ်ခု ထူထောင်ရန် ခက်ခက်ခဲခဲ ကြိုးစားခဲ့ကြပြီး ဥရောပသမဂ္ဂအနေဖြင့်လည်း ထိုကဲ့သို့ စွဲစွဲမြဲမြဲကြိုးပမ်းမှုအတိုင်း လိုက်လံဆောင်ရွက်ပေးသင့်သည်။

## ၈.၃ မိတ်ဖက်ချဉ်းကပ်မှု မြှင့်တင်ခြင်း

*အဓိကပြဿနာများ/ ဦးစားပေးအချက်များ*

- အနာဂတ်ရေရှည်တည်တံ့ခိုင်မြဲစေရန် နှင့် လက်ရှိဆောင်ရွက်နေသော၊ အလားအလာရှိသော စီမံကိန်းလုပ်ငန်းစဉ်များတွင် ပုဂ္ဂလိက ကဏ္ဍ ပါဝင်စေရန်အတွက် နည်းလမ်းတစ်ရပ်အဖြစ် အစိုးရ - ပုဂ္ဂလိက မိတ်ဖက်ဖွဲ့စည်းခြင်း (PPP) ကို အားပေးမြှင့်တင်ခြင်း။
- တရားဝင်တည်ထောင်ထားခြင်းမဟုတ်သော အုပ်စုများ၊ ပုဂ္ဂလိက သတင်းမီဒီယာများ နှင့် အခြားပါဝင်လုပ်ဆောင်သူများကို အသိအမှတ်ပြုသည့် အလွှာအဆင့်ဆင့်ထားရှိသော မိတ်ဖက်ဖွဲ့စည်းခြင်းများအတွက် လိုက်လျောညီထွေ ပြောင်းလွယ်ပြင်လွယ်သော ချဉ်းကပ်နည်းလမ်းဖြင့် SDG မိတ်ဖက်ပြုမှုများ ဖော်ဆောင်ရေး။

*ဥရောပသမဂ္ဂက ပံ့ပိုးနိုင်သော ထောက်ပံ့မှုများနှင့် ပတ်သက်သည့် အကြံပြုချက်များ*

- လူ့အခွင့်အရေးမြှင့်တင်ရာတွင် ခေါင်းဆောင်ပံ့ပိုးမှုပေးခြင်း။
- ဤ SDG များဆီသို့ ဦးတည်လျှောက်လှမ်းခြင်းအတွက် နိုင်ငံတကာဝန်းကျင်မှ နိုင်ငံရေးဘောဂဗေဒကို ဥရောပသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကဲ့သို့သော နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ပြန်လည်သုံးသပ်ကာ ဆန်းစစ်ပိုင်းခြားသင့်ပြီး ထိုလုပ်ငန်းစဉ်တွင် CSO များကို ထည့်သွင်းပါဝင်စေသင့်သည်။

## နောက်ဆက်တွဲ ၁
## ဥရောပသမဂ္ဂ-အရပ်ဘက်လူမှုအဖွဲ့အစည်း အွန်လိုင်းစစ်တမ်း ကောက်ယူမှုပြ ဂရပ်ဖ်များ






How do you see the short-term impact of COVID-19 in Myanmar on the health sector?



## How do you see the short-term impact of COVID-19 in Myanmar on corruption?




## How do you see the short-term impact of COVID-19 in Myanmar on environment?



နောက်ဆက်တွဲ ၂

**မြန်မာနိုင်ငံတွင် ဥရောပသမဂ္ဂ-အရပ်ဘက်လူမှုအဖွဲ့အစည်း စီမံကိန်းအကြို ဆွေးနွေးတိုင်ပင်ခြင်း (၁၇.၀၆.၂၀၂၀)**

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDGs) (၁၇) ချက်တွင် 'ICT အား ရရှိနိုင်မှုကို သိသာထင်ရှားစွာ တိုးမြှင့်ခြင်းနှင့် ၂၀၂၀ တွင် ဖွံ့ဖြိုးပြီးနိုင်ငံများစာရင်းရှိ အနိမ့်ဆုံးအဆင့်ဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အင်တာနက်ကို အပြည့်အဝသုံးစွဲနိုင်ရန် ကြိုးပမ်းခြင်း' ရည်မှန်းချက်သည် (၉) ချက်မြောက်ဖြစ်သည်။ SDG များနှင့် ဤစာတမ်းတွင် စာရင်းပြုစုထားသော အချက်များကို အကောင်အထည်ဖော်ရန်၊ စောင့်ကြည့်လေ့လာရန်အတွက် အင်တာနက်ကို မရှိမဖြစ် လိုအပ်သည်။

| **၅။ ဒီဂျစ်တယ်နှင့် ဒေတာ နည်းပညာများ** | **ဖြေရှင်းရမည့် အခက်အခဲများ** | **အလိုရှိသော ပြောင်းလဲမှု** | **ထိုအပြောင်းအလဲအတွက် EU မှ ပါဝင်ကူညီမှု** |
|---|---|---|---|

| | | | |
|---|---|---|---|
| • ဥပဒေနှင့် စည်းမျဉ်း မူဘောင်များ / | **၂၀၁၃ (၂၀၁၇ တွင်ပြင်ဆင်ပြီး) ဆယ်သွယ်ရေး ဥပဒေ**<br>• *အွန်လိုင်းပေါ်တွင် တရားဥပဒေနှင့်အညီ ထုတ်ဖော်ပြောဆိုမှုများကို မရေရာသော စကားလုံးအသုံးအနှုန်းများ အသုံးပြု၍ ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။ (ပုဒ်မ ၆၆ (ဃ) နှင့် ၆၈ (က))*<br>• *ဤဥပဒေအား ချိုးဖောက်ခြင်းများကို တရားရေးဌာန၏ ဝရမ်းမလိုဘဲ ရဲက ဖမ်းဆီးခွင့်ရှိသော ကြီးလေးသည့် ဥပဒေချိုးဖောက်မှုများအဖြစ် သတ်မှတ်သည်။ (ပုဒ်မ ၈၀)*<br>• *အစိုးရအနေဖြင့် ဝန်ဆောင်မှုများအား ဆိုင်းငံ့ခြင်း၊ ဘေးဆီးရန်ကာ အစီအမံများ မထားရှိဘဲ ရေးသားဖော်ပြမှု အကြောင်းအရာများနှင့် ဝန်ဆောင်မှုများကို ပိတ်ဆို့ခြင်း သို့မဟုတ် တားမြစ်ခြင်းများ ပြုလုပ်နိုင်သည်။ (ပုဒ်မ ၇၇)*<br>• *ရှင်းလင်းမှုမရှိသော ကြားဖြတ်စောင့်ကြည့်နိုင်သည့် လုပ်ပိုင်ခွင့်များပေးပြီး ဘေးဆီးရန်ကာ အစီအမံများ အနည်းငယ်သာ ရှိသည်။ (ပုဒ်မ ၄၀ (က)၊ ၆၉၊ ၇၅ နှင့် ၇၇)*<br><br>**၂၀၁၇ နိုင်ငံသားများ လုံခြုံမှုနှင့် လွတ်လပ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဥပဒေ**<br>• *အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့်* | **နိုင်ငံသားများ လုံခြုံမှုနှင့် လွတ်လပ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဥပဒေ** (ပယ်ဖျက်)<br>• **အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ** (ပယ်ဖျက်)<br>• **ကွန်ပျူတာသိပ္ပံ ဖွံ့ဖြိုး တိုးတက်ရေးဥပဒေ** (ပယ်ဖျက်)<br>• **ဆယ်သွယ်ရေး ဥပဒေ**၏ ပုဒ်မ ၆၆ (ဃ) (ပယ်ဖျက်)<br>• ကျန်ရှိနေသေးသော ဆက်သွယ်ရေးဥပဒေ (ပုဒ်မ ၇၅/၇၆၊ ၇၇ / ၇၈၊ ၈၀ စသည်တို့) ကို ပြန်လည်ပြင်ဆင်ခြင်းနှင့် မွမ်းမံပြောင်းလဲခြင်း<br>• ရာဇဝတ်မှု ဥပဒေရှိ အသရေဖျက်မှု ပြစ်ဒဏ်ကို ပြင်ဆင်ခြင်း<br>• အချက်အလက် ကာကွယ်ရေး ဥပဒေအသစ် ကျင့်သုံးခြင်း<br>• အချက်အလက်ကာကွယ်ရေး အခြေခံမူများအပေါ် အခြေခံသည့် ရှင်းလင်းပြတ်သားသော ရည်ရွယ်ချက်နှင့် အသုံးချမှု အတိုင်းအတာ<br>• ဒေတာပေးသူပုဂ္ဂိုလ်များ၏ အခွင့်အရေးကို ကာကွယ်ပေးပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အသုံးပြုခြင်းအတွက် ကန့်သတ်ချက်များထားပါ။ | EU သည် အနည်းဆုံးအနေဖြင့် စည်းမျဉ်းဥပဒေပြုပြင်ပြောင်းလဲရေးကို စတင်ရန် လိုအပ်သည်။ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ ယူနက်စကို၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံအဖွဲ့ (UNCTAD)၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး အဖွဲ့ချုပ် (ITU)၊ ကုလသမဂ္ဂ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (UNIDO)၊ ကမ္ဘာ့ဘဏ်၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ)နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) လုပ်ငန်းကဏ္ဍတို့အကြား စုပေါင်းဆောင်ရွက်မှု အတွက် အကျိုးသက်ဆိုင်သူပေါင်း စုံပါဝင်သော ဆွေးနွေးမှုများကို စတင်ရန်၊ အချက်အလက်များ ကာကွယ်ခြင်းနှင့် လုံခြုံရေးအတွက် အထွေထွေဒေတာ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း |

| | | | |
|---|---|---|---|
| | *မကိုက်ညီသော ရှင်းလင်းမှုမရှိသည့် တစ်ကိုယ်ရေလွတ်လပ်ခွင့်နှင့် လုံခြုံမှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ရှိသည်။*<br>• *တရားရေးဌာန၏ ဝရမ်းမပါဘဲ ထောက်လှမ်းခြင်း၊ ကြားဖြတ်စောင့်ကြည့်ခြင်း၊ နေအိမ်များအတွင်း ဝင်ရောက်ခြင်းကို ခွင့်ပြုခြင်း (ပုဒ်မ ၈)*<br>• *အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း နှင့် အသရေဖျက်မှုအတွက် လူမှုရေးပြစ်ဒဏ်သာ ချမှတ်သည့် နိုင်ငံတကာစံနှုန်းများနှင့် ဆန့်ကျင်သော ထောင်ဒဏ်ချမှတ်ခြင်း (ပုဒ်မ ၈ (စ) နှင့် ၁၀)*<br><br>**၁၉၉၆ ကွန်ပျူတာသိပ္ပံဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**<br>• *ထုတ်ဖော်ပြောဆိုမှုကို ရာဇဝတ်မှုအဖြစ် မရေမရာ အလွန်ကျယ်ပြန့်စွာ သတ်မှတ်ခြင်း ပါဝင်သည်။ (ပုဒ်မ ၃၅)*<br>• *ဒေတာ ကာကွယ်မှုမရှိ၊ ကိုယ်ပိုင်အချက်အလက် ကာကွယ်မှုမရှိ၊ ဆိုက်ဘာရာဇဝတ်မှုမှ ကာကွယ်ခြင်းမရှိ၊ ခေတ်နောက်ကျနေပြီး ခေတ်မီနည်းပညာနှင့် ကိုက်ညီမှုမရှိ။* | • ဒေတာထိန်းချုပ်သူများနှင့် ဒေတာအသုံးပြုသူများ အတွက် စည်းကမ်းချက်များ သတ်မှတ်ပါ။<br>• အချက်အလက်ကာကွယ်မှုကို ကြီးကြပ်ရန်အတွက် သီးခြားကြီးကြပ်သော ဝင်ရောက်ထိန်းချုပ်နိုင်သည့် စနစ်တစ်ခုကို ဖော်ဆောင်ပါ။<br>• **ဆိုက်ဘာလုံခြုံရေးမူဘောင် / နည်းဗျူဟာနှင့်ဥပဒေကိုအတည်ပြုပါ။**<br>• *ဆိုက်ဘာလုံခြုံရေးမဟာဗျူဟာနှင့်ဆိုက်ဘာလုံခြုံရေးဥပဒေ*<br>• *အခြားသက်ဆိုင်သည့် လုပ်ဆောင်ချက်များ - အနိမ့်ဆုံးလုံခြုံရေး စံ သတ်မှတ်ချက်များ၊ မရှိမဖြစ်သော အခြေခံအဆောက်အအုံများ၊ ထိခိုက်မှု တုံ့ပြန်ရေးအဖွဲ့၊ အန္တရာယ်စိစစ်ခြင်း / လုံခြုံရေး စစ်ဆေးမှု၊ သင်တန်းပေးခြင်း စသည်*<br>• **အခွင့်အရေးကို လေးစားသည့် တရားဥပဒေနှင့်အညီ ကြားဖြတ်စောင့်ကြည့်ခြင်း ဥပဒေကို အတည်ပြုပါ။**<br>• *ထောက်လှမ်းနိုင်ခြင်း စွမ်းရည်ကို ဆိုက်ဘာရာဇဝတ်မှု ဥပဒေများမှ တစ်ဆင့် မတိုးချဲ့ပါနှင့်။* | (GDPR) နှင့် ဘူဒါပက်စ် သဘောတူညီမှုစာချုပ် (Budapest Convention) စသည့် ဥရောပသမဂ္ဂ ၏ ချဉ်းကပ်နည်းလမ်းကို မြှင့်တင်ရန်၊ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်၏ ပဏာမစီမံချက်များနှင့် Freedom Online ညွန့်ပေါင်းမှု စည်းမျဉ်းစည်းကမ်းများ အား လိုက်နာရန် မြန်မာနိုင်ငံကို တိုက်တွန်းအားပေးရန်၊ နိုင်ငံကို ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းနှင့် ပတ်သက်၍ အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန (MOTC)၊ ကုန်သွယ်ရေး ဦးစီးဌာန (MOC) နှင့် အခြား နိုင်ငံတော်အဖွဲ့အစည်းများကို ပါဝင်စေရန် နှင့် ICT ကဏ္ဍတွင် နိုင်ငံရေးစိတ်စေတနာကို ထည့်သွင်းလုပ်ဆောင်ရန် အားပေးရန်။ |

| | | | |
|---|---|---|---|
| | **၂၀၁၄ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ**<br>• *ထုတ်ဖော်ပြောဆိုမှုကို ရာဇဝတ်မှုအဖြစ် မရေမရာ အလွန်ကျယ်ပြန့်စွာ သတ်မှတ်ခြင်း ပါဝင်သည်။ (ပုဒ်မ ၃၃ (၁) နှင့် ၃၃ (ခ))*<br>• *မည်သည့် ICT ကိုမဆို ဝင်ရောက်စစ်ဆေးနိုင်ရန် ကျယ်ပြန့်သော လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည် (ပုဒ်မ ၉ နှင့် ၁၀ (ဈ)) ။*<br>• *ဒေတာ ကာကွယ်မှုမရှိ၊ ကိုယ်ပိုင်အချက်အလက် ကာကွယ်မှုမရှိ၊ ဆိုက်ဘာရာဇဝတ်မှုမှ ကာကွယ်ခြင်းမရှိ၊ ခေတ်နောက်ကျနေပြီး ခေတ်မီနည်းပညာနှင့် ကိုက်ညီမှုမရှိ။*<br><br>**သက်သေခံ အက်ဥပဒေကို ၂၀၁၅ ပြင်ဆင်ချက်**<br>*တရားဝင်မှုရှိသော အီလက်ထရောနစ်ဆိုင်ရာ အထောက်အထား ဟူသည်ကို ဝေဝါးစွာ အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ကိုယ်ရေးကိုယ်တာ အချက်အလက် လွတ်လပ်ခွင့်ကို မည်ကဲ့သို့မျှ ရည်ညွှန်းထားခြင်း မရှိပါ။ ပုဒ်မ ၉ (ဆ)*<br>ရာဇဝတ်မှု ဥပဒေ<br>• • *'စော်ကား/ စိတ်အနှောင့်အယှက်ဖြစ်စေသော' စကားနှင့် အသရေဖျက်မှုအတွက် ထောင်ဒဏ် (ပုဒ်မခွဲ ၁၂၄ (က))* | • *အသုံးပြုသူအချက်အလက်များအား တရားဝင်ကြားဖြတ်စောင့်ကြည့်ခြင်းနှင့် အစိုးရမှ ဝင်ရောက်ကြည့်ရှုခြင်း နှစ်ခုလုံးကို ခြုံငုံမိသည့် အခွင့်အရေးများကို လေးစားလိုက်နာသော ပြဋ္ဌာန်းချက်များ ထည့်သွင်းပါ။*<br>• *သင့်လျော်သော ခွင့်ပြုချက်၊ ကြီးကြပ်မှု၊ လူပုဂ္ဂိုလ်များထံ အကြောင်းကြားခြင်း၊ ကုစားမှုနှင့် ပွင့်လင်းမြင်သာမှု တို့ကို ထည့်သွင်းပါ။* | |

| | | | |
|---|---|---|---|
| | • *လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခြင်း (ပုဒ်မခွဲ ၅၀၅ (ခ) နှင့် ၅၀၅ (ဂ))*<br>• *တရားဝင်သတင်းထုတ်ပြန်မှုကို တရားစွဲဆိုခြင်း (ပုဒ်မခွဲ ၅၀၀)* | | |

| | | | |
|---|---|---|---|
| • အွန်လိုင်းသင်ကြားရေး | လက်လှမ်းမီမှု၊ ဒီဂျစ်တယ်ပိုင်းဆိုင်ရာ တတ်ကျွမ်းမှု၊ အင်တာနက် ဆက်သွယ်မှု၊ အခြေခံ အဆောက်အအုံ၊ ကျား၊မ ရေးရာ ကွာခြားချက်နှင့် ပတ်သက်၍ ယုံကြည်မှုတည်ဆောက်ခြင်း၊ ပံ့ပိုးနိုင်မှု ကန့်သတ်ချက် | ပညာရေးဝန်ကြီးဌာန သင်ရိုးညွှန်းတမ်းမှ အဝေးသင်ပညာရေးစနစ်ကို မြှင့်တင်ခြင်း။ (ဒီဂျစ်တယ်ပိုင်းဆိုင်ရာ တတ်မြောက်ရေးနှင့် လွတ်လပ်ခွင့်ရှိခြင်းကို အဓိကအချက်များအဖြစ်) | ပညာရေးမဏ္ဍိုင်များ၊ ပုဂ္ဂလိက ကဏ္ဍများနှင့် လက်တွဲခြင်းမှတစ်ဆင့် |
| • ဒီဂျစ်တယ် ခွဲခြားမှုကို ပေါင်းကူးပေးခြင်း၊ ဒီဂျစ်တယ်နည်းပညာကို တန်းတူ ရရှိအသုံးပြုနိုင်စေခြင်း | ကျား၊မ ကွာခြားချက်၊ မသန်စွမ်းအုပ်စုများ၊ အင်တာနက်ဆက်သွယ်မှု / စရိတ်တတ်နိုင်မှု၊ | အင်တာနက်၏ ဈေးနှုန်းချိုသာမှု၊ broadband နှင့် ဒေတာကို ကောင်းမွန်စွာ အသုံးပြုနိုင်စွမ်း၊ ICT ကိရိယာများ လက်လှမ်းမီအသုံးပြုခွင့်။ | အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများပူးပေါင်းမှုကို ပြဋ္ဌာန်းရန်။ မသန်စွမ်းအုပ်စုများ ဒီဂျစ်တယ်နည်းပညာကို တန်းတူလက်လှမ်းမီရန်၊ ဒီဂျစ်တယ်စံနှုန်းများကို လေးစားမှုရှိစေရန်။ ICT ကဏ္ဍတွင် အမျိုးသမီးပါဝင်မှုကို တိုးမြှင့်ရန်။ |
| • အခြား/ ဒီဂျစ်တယ် အခွင့်အရေးများ | လက်လှမ်းမီမှု၊ FOE၊ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့် / အချက်အလက်ကာကွယ်ခြင်း။ (ဥပဒေနှင့် စည်းမျဉ်းမူဘောင်များနှင့် ဒီဂျစ်တယ်ပိုင်းဆိုင်ရာ တတ်မြောက်မှု နိမ့်ကျခြင်းနှင့် ဆက်စပ်၍) | ဒီဂျစ်တယ်အခွင့်အရေးများ နှင့် မြန်မာဒီဂျစ်တယ် အခွင့်အရေးဆိုင်ရာ ဖိုရမ် (MDRF) ၏ အခြေခံမူများကို အကျိုးသက်ဆိုင်သူ အားလုံး အကြား မြှင့်တင်ရန်။ | ဒီဂျစ်တယ်အခွင့်အရေး များကို လူ့အခွင့်အရေးနှင့် အပြည့်အဝ တန်းတူအဖြစ် မြှင့်တင်ရန်။ MDRF အနေဖြင့် ဒီဂျစ်တယ်အခွင့်အရေး စကားဝိုင်းများကို ထောက်ပံ့ရန်။ |